# ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများ

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း



another development

# ကျေးဇူးတင်လွှာ

ရှေးဦးစွာ AD အဖွဲ့အနေဖြင့် ယခုစာတမ်းပြုစုရာတွင် အကူအညီပေးခြင်း၊ မေးမြန်းခြင်းများကို စိတ်ပါဝင်စားစွာ ဖြေကြားပေးခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။အဖိုးတန်သည့်အကြံဉာဏ်များဖြင့်ကူညီပေးခဲ့ကြသောရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ဒို့အိမ်၊ ရန်ကုန်လူငယ်ကွန်ရက်တို့ကိုလည်း အထူးပင် ကျေးဇူးတင်အပ်ပါသည်။ စာတမ်းပြုစုသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လမ်းညွှန်၊ အကြံဉာဏ်ပေးခဲ့သည့် AD အဖွဲ့၏ သုတေသနဆိုင်ရာအကြံပေး ဂျွန်လစ်ဗင်းစတုန်းကိုလည်း ကျေးဇူးတင်လိုပါသည်။ ထို့အတူ AD အဖွဲ့၏ သုတေသနအလုပ်သင် စောဂျွန်နသန်ဝင်းကိုလည်း သူ၏ အဖိုးတန်သော အကူအညီများအတွက် ကျေးဇူးတင်ရှိလိုပါသည်။ စစ်တမ်းကောက်ယူရာတွင် ဖြေကြားပေးခဲ့သူများနှင့် ယခုစာတမ်းတွင် ပါဝင်ကူညီခဲ့သူများ အားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## Another Development (AD) မူဝါဒ အကြံပေးအဖွဲ့

Another Development (AD) အဖွဲ့သည် မြန်မာနိုင်ငံအခြေပြု အကျိုးအမြတ်မယူသော မူဝါဒဆိုင်ရာ သုတေသနပြုစုသည့် အဖွဲ့အစည်းဖြစ်သည်။ AD အဖွဲ့အနေဖြင့် လူ့အခွင့်အရေး၊ ဗဟုယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်ဝါဒ၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း၊ လျှပ်မြန်အစိုးရနှင့်ပြည်သူဟူသည့် အဓိက ကဏ္ဍရပ် ၅ ခုကို အလေးထား လုပ်ဆောင်လျက်ရှိသည်။

ထိရောက်မှုရှိသော ပြည်သူ့ရေးရာမူဝါဒများကို ပြောင်းလဲရန်အလို့ငှာ တိုက်တွန်းလှုံ့ဆော်သည့်နည်းလမ်းဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်လျှက်ရှိသော ပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းချက်ထုတ်ရာတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ AD အဖွဲ့တွင် လုပ်ငန်းဌာန လေးခုရှိပြီး ယင်းတို့မှာ မဟာဗျူဟာ ဆက်သွယ်ရေးဌာန၊ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ခြင်းဌာန၊ အကြံဉာဏ်ပေးခြင်းနှင့် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုဌာနနှင့် လုပ်ငန်းလည်ပတ်ရေး အထောက်အကူပြုဌာနတို့ ဖြစ်ကြပါသည်။


| | | |
|---|---|---|
| **ထုတ်ဝေသူ** | - | Another Development Policy Think-Tank |
| **ထုတ်ဝေသည့်ရက်စွဲ** | - | မေလ၊ ၂၀၁၉ |
| **သုတေသနပြုစုသူ** | - | ရေချမ်း |
| **သုတေသနအကြံပေး** | - | ဂျွန်လစ်ဗင်းစတုန်း |
| **စီမံကိန်းဖြစ်မြောက်ရေး ပံ့ပိုးပေးသူများ** | - | ဆိုင်းဆန်မိုင်၊ စောလှနွယ်နှင့် ဝေလျှံပိုင် |
| **မျက်နှာဖုံးပန်းချီ** | - | အောင်ဇေယျာမင်း |


All rights reserved.
Copyright © 2019 by Another Development Policy Think-Tank

အမှတ် ၆၂၊ ၅လွှာ၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၆၄ ၈၈၃ ၄၂၁
အီးမေးလ် - anotherdevelopment.office@gmail.com
website - www.anotherdevelopment.org

# မာတိကာ

အတိုကောက်ဝေါဟာရများ

၁။ အနှစ်ချုပ် ၁

၂။ မိတ်ဆက် ၄

၃။ နောက်ခံအခင်းအကျင်း ၅
၃.၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၅
၃.၂။ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် အလားအလာ ၇
၃.၃။ မြို့ပြရှိ စိမ်းလန်းဇရိယာများ၏ အကျိုးပြုမှုများ ၇

၄။ ရန်ကုန်မြို့ရှိ စိမ်းလန်းဇရိယာများ ၁၀
၄.၁။ ရန်ကုန်မြို့၌ ပန်းခြံများပျံ့နှံ့တည်ရှိမှု ၁၀
၄.၂။ ရန်ကုန်မြို့ရှိ အများပြည်သူဆိုင်ရာပန်းခြံများ ဝင်ရောက်လည်ပတ်မှု ၁၂
၄.၃။ ရန်ကုန်မြို့ရှိ ပန်းခြံများအုပ်ချုပ်မှုစနစ် ၁၄
၄.၄။ ရန်ကုန်မြို့ရှိပန်းခြံများနှင့် လက်ရှိဆောင်ရွက်နေမှုများ ၁၅
၄.၅။ ရန်ကုန်မြို့ရှိ ပန်းခြံများအတွက် တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် မဟာဗျူဟာကျ လှုပ်ရှားမှုများ ၁၇

၅။ ရှေ့ဆက်လုပ်ငန်းစဉ် ၁၉

၆။ အရေးယူဆောင်ရွက်ရန် တိုက်တွန်းချက်များ ၂၅

ကျမ်းကိုးစာရင်း ၂၆

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| **AD** | Another Development |
| **CBD** | ဗဟိုစီးပွားရေးဇုန် (Central Business District) |
| **CSOs** | အရပ်ဘက် လူမှုအဖွဲ့အစည်းများ (Civil Society Organizations) |
| **JICA** | ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ<br>(Japan International Cooperation Agency) |
| **MIMU** | မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်<br>(Myanmar Information Management Unit) |
| **WHO** | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) |
| **YCDC** | ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(Yangon City Development Committee) |
| **YHT** | ရန်ကုန် မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့<br>(Yangon Heritage Trust) |

# အခန်း(၁)

## အနှစ်ချုပ်

စိမ်းလန်းဧရိယာများ ပေါ်ပေါက်လာစေရန် အဓိကထားသည့် လက်ရှိစီမံချက်မှတစ်ဆင့် ရန်ကုန်မြို့တွင် နေထိုင်သူများ၏ နေထိုင်မှုအဆင့်အတန်း တိုးတက်လာစေရန်နှင့် ရေရှည်သဘောဆောင်ပြီး နေထိုင်သူအားလုံးအတွက် ထည့်သွင်းစဉ်းစားကာ စီမံရေးဆွဲသည့် မြို့ပြစီမံခန့်ခွဲရေး အလေ့အထများ ရှင်သန်အားကောင်းလာစေရန် Another Development (AD) မှ ရည်ရွယ်ထားပါသည်။ စီမံကိန်း၏ လုပ်ငန်းတစ်ခုအနေဖြင့် ရန်ကုန်ဧရိယာအတွင်းမှ စိမ်းလန်းဧရိယာများနှင့် သက်ဆိုင်သည့်အခက်အခဲများကို နားလည်နိုင်ရန် ယခုစာတမ်းကို ပြုစုထုတ်ဝေခြင်း ဖြစ်ပါသည်။ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ ဖော်ထုတ်နိုင်ရန်လည်း ရည်ရွယ်ထားပါသည်။

မြို့ကြီးများရှိမြို့ပြနေလူမှုရပ်ဝန်း၏နေထိုင်မှုအရည်အသွေးအတွက် စိမ်းလန်းဧရိယာများရှိနေခြင်းသည် အဓိက အရေးပါသည်။ တစ်ဦးချင်းကျန်းမာရေး၊ ရောဂါဘယ ကင်းဝေးရေး၊ သဘာဝနှင့် ထိတွေ့မှုမှစ၍ ရာသီဥတုအပြောင်းအလဲ၊ မြို့ဂုဏ်ဆောင်နိုင်မှု၊ စီးပွားရေးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း၊ မြို့၏လက္ခဏာနှင့် အစဉ်အလာတို့တိုင်အောင် အကျိုးပြုသက်ရောက်မှုများရှိသည်။ မြို့ကြီးများတွင် စိမ်းလန်းဧရိယာများ၏ အရေးပါပုံကိုပို၍အလေးထားလာကြသည်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဖြစ်လာသည်။ သဘာဝအလျောက် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်များ ပေါက်ရောက်နေသော နေရာကို စိမ်းလန်းဧရိယာများဟု ယေဘုယျအားဖြင့် ရည်ညွှန်းသတ်မှတ်သည်။ သို့သော်လည်း ယခုစာတမ်းတွင်မူ ရန်ကုန်မြို့တော်တွင်းရှိ အများပြည်သူ အသုံးပြုနိုင်သည့် ပန်းခြံများကိုသာ စိမ်းလန်းဧရိယာများဟု ကန့်သတ်ရည်ညွှန်း အသုံးပြုထားပါသည်။

### ရန်ကုန်မြို့တွင်းရှိ စိမ်းလန်းဧရိယာများ

ရန်ကုန်မြို့၏ လက်ရှိလူဦးရေသည် ၁၉၉၀ ပြည့်နှစ်မှ စာရင်းဖြစ်သော ၂.၉ သန်းထက် နှစ်ဆနီးပါးဖြစ်နေသည်။ ၂၀၁၄ ခုနှစ်စာရင်းအရ ၅.၂ သန်းရှိသည်။ ယင်းကာလအတွင်း လူတစ်ဦးချင်းအသုံးချနိုင်သည့် စိမ်းလန်းဧရိယာ အကျယ်အဝန်းမှာ ၄၀ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားခဲ့သည်။ ရန်ကုန်မြို့တွင် အများပြည်သူပိုင်ပန်းခြံ ၆၃ ခုရှိ၍ အကျယ်အဝန်းအားဖြင့် ၂၁၁.၂၅ ဟက်တာ (၅၂၂ ဧက) ရှိသည်။ တစ်ဦးချင်းစီအတွက်ဆိုလျှင် စိမ်းလန်းဧရိယာ ၀.၄၁ စတုရန်းမီတာ (၄.၃၇ စတုရန်းပေ) အကျယ်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ဦးချင်းစီအတွက် စိမ်းလန်းဧရိယာ ၉ စတုရန်းမီတာ (၉၆.၈၈ စတုရန်းပေ) ရှိသင့်သည်ဟု ထုတ်ပြန်ထားသည်။ ရန်ကုန်မြို့အတွင်း ပန်းခြံများပျံ့နှံ့မှုမှာလည်း ညီမျှမှုမရှိသည်ကို တွေ့ရသည်။ ရန်ကုန်မြို့အတွင်း ပန်းခြံများအနက် တစ်ဝက်ကျော်သည် မြို့လယ်စီးပွားရေးဇုန်နှင့် မြို့ပြအတွင်းပိုင်းတွင်ရှိသည်။ ပန်းခြံတစ်ခုရှိသည့် မြို့နယ် ၇ ခုရှိပြီး ပန်းခြံမရှိသည့် မြို့နယ် ၉ ခုရှိသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံများသို့ ဝင်ရောက်သူ တစ်လလျှင် ၁ သန်းကျော်ရှိသည်ဟု ရန်ကုန်မြို့တော်စည်ပင်၏ ပြောပြချက်အရ သိရသည်။ ထို့အပြင် AD မှ ပြုလုပ်သည့် စစ်တမ်းအရ ပန်းခြံများကို အဓိကအသုံးပြုသူများမှာ အသက် ၁၃ နှစ်မှ ၂၅ နှစ်ရှိ လူငယ်များဖြစ်ကြသည်။ ပန်းခြံအတွင်းဝင်ရောက်သူ ၅၄ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ၄၆ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ လစဉ် ပန်းခြံသို့ လာရောက်လည်ပတ်သူ ၄၃ ရာခိုင်နှုန်းရှိပြီး အပန်းဖြေရန်အတွက် ပန်းခြံ လာရောက်လည်ပတ်သူ ၇၈ ရာခိုင်နှုန်းရှိသည်။ ဖြေဆိုသူ ၃၁ ရာခိုင်နှုန်းက ပန်းခြံများ၏အခြေအနေမှာ အဆင်ပြေရုံမျှသာဖြစ်သည်ဟု ဖြေဆိုကြပြီး ပန်းခြံအသုံးပြုသူနှင့် ပန်းခြံအရေအတွက် မလုံလောက်ကြောင်းနှင့် အဆောက်အဦများအားနည်းကြောင်း ဖြေဆိုသူ ၂၂ ရာခိုင်နှုန်းရှိသည်။ ပန်းခြံသို့ သွားရောက်လည်ပတ်ရန် ဝေးလွန်းသည်ဟု ဖြေဆိုသူ ၁၀ ရာခိုင်နှုန်းရှိသည်။

ပန်းခြံများကို ကြီးကြပ်အုပ်ချုပ်သည့် အဖွဲ့အစည်းမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဖြစ်သည်။ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသည် ရန်ကုန်မြို့တော် စိမ်းလန်းစိုပြေရေးအတွက် အဓိကတာဝန်ရှိသည့် ဌာနဖြစ်သည်။ ရပ်ကွက်တိုင်းတွင် ကစားကွင်းတစ်ခု၊ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခုစီရှိစေရန်၊ ကစားကွင်းများနှင့် ပန်းခြံများ စိမ်းလန်းနေစေရန်၊ အများပြည်သူ လွယ်ကူစွာအသုံးချနိုင်အောင် ဆောင်ရွက်ရန်မှာ ၎င်းဌာန၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်ဖြစ်သည်။

သို့သော်လည်း ရန်ကုန်မြို့တော်အတွင်း အများပြည်သူဆိုင်ရာ ပန်းခြံများ သိသာစွာ တိုးတက်လာခြင်းမရှိပါ။ လူဦးရေတိုးပွားလာခြင်းနှင့် မြို့ပြတိုးချဲ့မှု လျင်မြန်လာသောကြောင့်

ဆောက်လုပ်ရေးလုပ်ငန်းများက စိမ်းလန်းဧရိယာများကို အစားထိုး ဝင်ရောက်လျက်ရှိသည်။ ကန်သာယာပန်းခြံနှင့် မြကျွန်းသာအပါအဝင် အများပြည်သူဆိုင်ရာ စိမ်းလန်းဧရိယာများတွင် လုပ်ပိုင်ခွင့်ကို လက်ခံရရှိသည့် ပုဂ္ဂလိကကုမ္ပဏီများ ရှိသည်။

အခြားတစ်ဖက်တွင်လည်း ရန်ကုန်မြို့တော်အတွင်း စိမ်းလန်းဧရိယာများ ပေါ်ပေါက်ရေး၊ မြို့ပြစီမံကိန်းနှင့် ပြန်လည်စိမ်းလန်းရှင်သန်ရေးအတွက် အားစိုက်လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများလည်း ရှိသည်။ ၂၀၁၇ ခုနှစ်မှစပြီး ဒွိအိမ်အဖွဲ့သည် မြို့ပြစီမံမှုဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော် ပြန်လည်စိမ်းလန်းရေးအတွက် ရေးဟောင်းအမွေအနှစ် ထိန်းသိမ်းခြင်းနှင့် ရန်ကုန်မြို့တွင်း အများပြည်သူဆိုင်ရာ နေရာများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

လက်ရှိဆောင်ရွက်နေမှုများအပြင် ရေရှည်သဘောဆောင်သည့် မူဝါဒပြုပြင်ရေးနှင့် မဟာဗျူဟာများဖြင့် ရန်ကုန်မြို့တော်၏ စိမ်းလန်းဧရိယာများ တိုးတက်ရေးကို ဆောင်ရွက်နေသည့် အဖွဲ့များလည်း ရှိသည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) သည် ထိုအဖွဲ့များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ မြို့လယ်နေရာရှိ မြို့ပြအမွေအနှစ်များ ထိန်းသိမ်းခြင်းကို အဓိကဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်အမွေအနှစ် မဟာဗျူဟာ (Yangon Heritage Strategy) ကို ရေးဆွဲခဲ့သည်။ ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံအများစုမှာ အများပြည်သူအတွက် မဟုတ်တော့ဘဲ ပုဂ္ဂလိက ဖက်စပ်ဆောင်ရွက်ချက်များကြောင့် လျော့ကျသွားခဲ့ပြီဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ၎င်း၏မဟာဗျူဟာတွင် ထောက်ပြခဲ့သည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီး ပန်းခြံများ၊ စိမ်းလန်းဧရိယာများနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် အခြားသောအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးအစိုးရ၏ သဘောတူညီချက်ဖြင့် မဟာရန်ကုန်စီမံကိန်းအတွက် မဟာဗျူဟာကို ပြင်ဆင်ခဲ့သည်။

## ရှေ့ဆက်လုပ်ငန်းစဉ်

ရန်ကုန်မြို့ရှိ တိုးပွားလာသည့် လူဦးရေအတွက် စိမ်းလန်းဧရိယာအသစ်များ ဖန်တီးခြင်း၊ လက်ရှိနေရာများ ထိန်းသိမ်းခြင်းနှင့်ပတ်သက်ပြီး အခက်အခဲ အများအပြားရှိသည်။ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ရည်ရွယ်ချက်ဖြစ်သော ရပ်ကွက်တိုင်းတွင် ကစားကွင်းတစ်ခုစီ၊ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခုစီထားရှိရန်မှာ စ,မှတ်ကောင်းတစ်ခုဖြစ်သည်။ သို့သော်လည်း မြို့နေလူထု နိုင်ငံသားများ၏ ကျန်းမာအဆင်ပြေရေးအတွက် စိမ်းလန်းဧရိယာများ အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းအတွက် လုပ်ဆောင်ရန် ကိစ္စများစွာ ရှိနေဆဲဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းဖြစ်သော လူတစ်ဦးချင်းအတွက် အသုံးချနိုင်သည့် စိမ်းလန်းဧရိယာ အကျယ်အဝန်း ၉ စတုရန်းမီတာ ပြည့်မီသည်အထိ ချဲ့ထွင်မှုများပြုလုပ်သွားရန် စိမ်းလန်းဧရိယာနှင့် ပတ်သက်သော မဟာဗျူဟာတစ်ရပ် ချမှတ်ထားရန် လိုအပ်သည်။ ပန်းခြံများ၊ စိမ်းလန်းဧရိယာများနှင့် ပတ်သက်ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ရန်ကုန် အမွေအနှစ် ထိန်းသိမ်းခြင်းမဟာဗျူဟာပါ အကြံပြုချက်များကို အသုံးချ၊ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ မြို့ပြစီမံခန့်ခွဲခြင်း တိုးတက်လာစေရန်၊ မြို့နေလူထု လိုအပ်ချက်များကို ပို၍ ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်ဌာနများအကြားပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လိုအပ်သည်။

ရန်ကုန်မြို့အတွင်း စိမ်းလန်းဧရိယာများ ဖော်ထုတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် မြို့နေလူထုနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် လူထုသဘောထားရယူခြင်းများကို လုံလောက်အောင်ဆောင်ရွက်ရန် လိုအပ်နေသေးသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်၏ မြို့စီမံကိန်းဆောင်ရွက်သမျှတွင် အများပြည်သူများ အမှန်တကယ်ပါဝင်မှုကို မပါမဖြစ် ဆောင်ရွက်သင့်ပါသည်။

ပန်းခြံများ အဆင့်အတန်းတိုးတက်လာစေရန် အရိပ်ရအပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ အားကစားပစ္စည်းများ ထည့်သွင်းခြင်း၊ အမှိုက်ပုံးများ၊ မီးတိုင်များ၊ ထိုင်ခုံများ၊ ကလေးများအတွက် ပညာရေးဆိုင်ရာ ကိရိယာများ ထားပေးခြင်းနှင့် ရေအိမ်အသုံးပြုခကောက်ခံခြင်းကဲ့သို့သော ပန်းခြံအတွင်း အဆောက်အဦများအသုံးပြုခကောက်ယူမှု ပယ်ဖျက်ခြင်းကဲ့သို့ အလွန်ရိုးရှင်းသည့် ပြုပြင်မှုများကိုပြုလုပ်နိုင်သည်။ ရေပန်းနှင့်အမှိုက်ကောက်ယူခြင်းအပါအဝင် ပုံမှန်ဆောင်ရွက်ရမည့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်းသည်လည်း အကျိုးရှိနိုင်ပါသည်။ ပန်းခြံအသုံးပြုသူနှင့် လာရောက်လည်ပတ်သူ ခရီးသွားများ တိုးတက်လာစေရန် ပန်းခြံများတွင် ပညာရေးဆိုင်ရာ၊ စာပေဆိုင်ရာ ဟောပြောပွဲများနှင့် အခမ်းအနားများကို ပြုလုပ်သင့်ပါသည်။

ပန်းခြံများကို မသန်စွမ်းအပါအဝင် လူတန်းစားပေါင်းစုံ အသုံးပြုနိုင်အောင် ဆောင်ရွက်ထားသင့်ပါသည်။ လုံခြုံရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းဖြင့် ပန်းခြံအတွင်း လုံခြုံရေးကို ကောင်းမွန်အောင် ဆောင်ရွက်ထားသင့်သည်။ သို့မှသာ လူတန်းစားမရွေး သွားရောက်လည်ပတ်နိုင်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက်သာမက မြို့တော်၏

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

အနာဂတ်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများအတွက်လည်း စိမ်းလန်းဧရိယာများသည် အလွန်အရေးပါသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်နေသည်ဖြစ်ရာ စိမ်းလန်းဧရိယာများသည် ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရန်အတွက် အထောက်အကူဖြစ်စေနိုင်သည်။ လူတန်းစားပေါင်းစုံပါဝင်ရေး၊ ယဉ်ကျေးမှုစုံလင် ဖွံ့ဖြိုးအားကောင်းရေးအတွက်လည်း အသုံးပြုနိုင်သည်။

မြို့တော်အတွင်း စိမ်းလန်းဧရိယာများ ဖန်တီးရေးကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ယခုစာတမ်းပါ တိုက်တွန်းအကြံပြုချက်များကို အကောင်အထည်ဖော်ပေးရန်နှင့် စိမ်းလန်းဧရိယာပြဿနာကို အရေးတကြီး ဖြေရှင်းရမည့် ပြဿနာတစ်ခုအဖြစ် သတ်မှတ်ပေးကာ ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့၏ အနာဂတ်သည် ရန်ကုန်မြို့နေပြည်သူများ၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များနှင့် ထပ်တူကျနေမည် ဖြစ်ပါသည်။

# အခန်း(၂)

## မိတ်ဆက်

မြို့ကြီးများရှိမြို့ပြနေလူမှုရပ်ဝန်း၏နေထိုင်မှုအရည်အသွေးအတွက် စိမ်းလန်းဧရိယာများ ရှိနေခြင်းသည် အဓိကအရေးပါသည်။ တစ်ဦးချင်း၏ ကျန်းမာရေး၊ ရောဂါဘယကင်းဝေးရေး၊ သဘာဝနှင့်ထိတွေ့မှုမှတစ်၍ ရာသီဥတုအပြောင်းအလဲ၊ မြို့ဂုဏ်ဆောင်နိုင်မှု၊ စီးပွားရေးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း၊ မြို့၏ကြန်အင်လက္ခဏာနှင့် ယဉ်ကျေးမှုအစဉ်အလာများထိတိုင်အောင် အကျိုးပြုသက်ရောက်မှုများရှိသည်။ မြို့ကြီးများအတွက် စိမ်းလန်းဧရိယာများ၏အရေးပါပုံကို ပို၍အလေးထားလာကြသည်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဖြစ်လာသည်။

ရန်ကုန်မြို့တွင်မူစီးပွားရေးတိုးတက်မှု၊လူဦးရေတိုးပွားလာမှုနှင့် မြို့ပြနေရာများ အလျင်အမြန်ဖြစ်ပေါ်လာမှုကြောင့် စိမ်းလန်းဧရိယာများမှာခြိမ်းခြောက်ခံနေရသည်။စိမ်းလန်းဧရိယာများတွင် နေအိမ်တိုက်တာ ဆောက်လုပ်မှုများက နေရာယူသွားသည်။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များကြောင့် ပျောက်ပျက်သွားရသည်။ သိသိသာသာ တိုးပွားလာသည့်လူဦးရေကြောင့် အခြေခံကျသည့် ဝန်ဆောင်မှုနှင့် အများပြည်သူသုံး အဆောက်အဦဆိုင်ရာကိစ္စများကို ပြည့်စုံအဆင်ပြေအောင် ဖြည့်ဆည်းပေးရာတွင် အခက်အခဲများရှိလာသည်။ ယင်းသို့ ခက်ခဲသည့် အခြေအနေများ၏စုပေါင်းအကျိုးဆက်သည် ချွတ်ချော်အားနည်းသည့် မြို့ပြအခင်းအကျင်းကို ဖြစ်ပေါ်စေသည်။ မြို့သူမြို့သားများ၏ ဘဝနေထိုင်မှုအခြေအနေ တိုးတက်အောင် ဆောင်ရွက်မှုများကိုလည်း အတားအဆီးဖြစ်စေသည်။

စိမ်းလန်းဧရိယာများ ပေါ်ပေါက်လာစေရန် အဓိကထားသည့် လက်ရှိစီမံချက်မှတစ်ဆင့် ရန်ကုန်မြို့တွင် နေထိုင်သူများနေထိုင်မှုအဆင့်အတန်း တိုးတက်လာစေရန်၊ ရေရှည်သဘောဆောင်ပြီး နေထိုင်သူအားလုံးအတွက် ထည့်သွင်းစဉ်းစားကာ စီမံရေးဆွဲသည့်မြို့ပြစီမံခန့်ခွဲမှုအလေ့အထများ ရှင်သန်အားကောင်းလာစေရန် Another Development (AD) မှ ရည်ရွယ်ထားပါသည်။ စီမံကိန်း၏လုပ်ငန်းတစ်ခုအနေဖြင့် ရန်ကုန်ဧရိယာအတွင်းမှ စိမ်းလန်းဧရိယာများနှင့် သက်ဆိုင်သည့် အခက်အခဲများကို နားလည်နိုင်ရန် ယခုစာတမ်းကို ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားနိုင်ရန် လုပ်ငန်းစဉ်များကိုလည်း ယခုစာတမ်းမှတစ်ဆင့် ဖော်ထုတ်သွားမည်ဖြစ်သည်။ ယခုစာတမ်းပြုစုရာတွင် သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ AD သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကနဦးဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ရန်ကုန်လူငယ်ကွန်ရက်နှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဒို့အိမ်၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံများနှင့်ပတ်သက်သည့် အမြင်များ၊ သဘောထားများကို ကြားသိတိုင်းတာနိုင်ရန်အတွက် ပန်းခြံ ၁၀ ခုတွင် လူပေါင်း ၁၅၇ ဦးနှင့် မျက်နှာချင်းဆိုင် လူထုအမြင်သဘောထား ကောက်ယူခြင်းကိုလည်း ပြုလုပ်ခဲ့ပါသည်။


ယခုစာတမ်းတွင် နောက်ခံအခင်းအကျင်းများကို ဦးစွာဖော်ပြမည်ဖြစ်ကာ စာတမ်းပါ စိမ်းလန်းဧရိယာများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။ မြို့ပြစိမ်းလန်းဧရိယာများ၏ အကျိုးကျေးဇူးများ၊ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသည့် ခေတ်ရေစီးကြောင်းကိုလည်း ဖော်ပြမည်ဖြစ်ပါသည်။ ထို့နောက်တွင် ရန်ကုန်ရှိ စိမ်းလန်းဧရိယာများ၏ အခြေအနေအသေးစိတ်ကို အတိတ်ကာလမှ လက်ရှိအခြေအနေထိ ပြည့်စုံစွာဖော်ပြမည်ဖြစ်သည်။ အုပ်ချုပ်မှုစနစ်ပုံစံ၊ စီးပွားရေးအရ ဆောင်ရွက်မှု၊ အခြေခံအဆောက်အဦပိုင်း ဖြည့်ဆည်းတည်ဆောက်မှု၊ အနာဂတ်တွင်ကျင့်သုံးမည့် မဟာဗျူဟာများ၊ လက်ရှိ တိုက်တွန်းဆောင်ရွက်ချက်များကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ရှေ့လုပ်ငန်းစဉ်များကဏ္ဍတွင် ရန်ကုန်မြို့ပြစီမံကိန်း၊ စိမ်းလန်း ဧရိယာများအတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများနှင့်ဆိုင်သည့် အကြံပြုချက်များ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တိုက်တွန်းချက်များကို ဖော်ပြထားပါသည်။

# အခန်း(၃)

## နောက်ခံအခင်းအကျင်း

### ၃.၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ
### အများပြည်သူဆိုင်ရာအပန်းဖြေနေရာများ

အများပြည်သူပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုသည့် နေရာများကို အများပြည်သူဆိုင်ရာ အပန်းဖြေနေရာဟု သတ်မှတ်သည်။ ပြည်သူအားလုံး အသုံးပြု၊ ခံစားနိုင်ကာ အခမဲ့နှင့် အကျိုးအမြတ်မျှော်ကိုးခြင်းမရှိဘဲ ဖန်တီးထားသည့် နေရာများဖြစ်သည်[၁]။




ရင်းမြစ် - Enhancing quality of life through the lens of green, 2016

**ပုံ (၁) အများပြည်သူဆိုင်ရာအပန်းဖြေနေရာများနှင့် စိမ်းလန်းဇေရိယာများ သတ်မှတ်ချက်[၂]**

အထက်ပါဖော်ပြချက်အရ အများပြည်သူဆိုင်ရာ အပန်းဖြေ နေရာများဆိုသည်မှာ လူနေထိုင်ရာ အဆောက်အအုံရှိသည့် ပတ်ဝန်းကျင်ကို ဆိုလိုသည်။ ပြည်သူများအားလုံး သွားလာ အသုံးပြုနိုင်ပြီး ဘေးကင်းစွာအသုံးချနိုင်ကာ ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် အဆောက်အအုံများလည်း ပါရှိသည်။

## စိမ်းလန်းဧရိယာများ

သဘာဝအလျောက် သို့မဟုတ် စိုက်ပျိုးထားသည့်အပင်များ ပေါက်ရောက်နေသည့်နေရာကို စိမ်းလန်းဧရိယာများဟု ရည်ညွှန်းသတ်မှတ်သည်။ သစ်ပင်များ၊ ချုံပုတ်များနှင့် မြက်ခင်းများ အပါအဝင် အပင်များပေါက်ရောက်နေသည့် နေရာအားလုံးကို သတ်မှတ်သည်။ ပုဂ္ဂလိက သို့မဟုတ် အများပြည်သူ အသုံးပြုနိုင်သော သို့မဟုတ် စုပေါင်းစီမံနိုင်ကာ မြက်ခင်း၊ ချုံပုတ်များ၊ သစ်တောများ၊ ပန်းခြံများ၊ ဥယျာဉ်များ၊ စိမ့်မြေနှင့် သစ်ပင်တို့ ဖုံးလွှမ်းနေသည့်ဧရိယာများကို စိမ်းလန်းဧရိယာဟု ခေါ်သည်[၅]။

ယခုစာတမ်းတွင်မူ စိမ်းလန်းဧရိယာ အနက်ဖွင့်ဆိုချက်ကို ကန့်သတ်ထားပြီး ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများအားလုံး (အပင်ပေါက်သော်လည်း ပန်းခြံမဟုတ်သည့်နေရာ၊ ပြန်လည် စိမ်းလန်း/စိုက်ပျိုးထားသည့်လမ်းများ အစရှိသဖြင့်) ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ အများပြည်သူဆိုင်ရာ အသုံးပြုနိုင်သော ပန်းခြံများကို ရည်ညွှန်းသည်။ ရရှိလာသည့် ဒေတာအချက်အလက်များအပေါ်မူတည်ပြီး ရန်ကုန်ရှိ စိမ်းလန်းဧရိယာ အကျယ်အဝန်းကို ကောက်ချက်ချနိုင်ရန်အတွက် ထိုသို့ ကန့်သတ်ရခြင်း ဖြစ်သည်။ ရန်ကုန်ရှိ စိမ်းလန်းဧရိယာများအားလုံး ခြုံငုံတိုင်းတာခြင်း သို့မဟုတ် စိမ်းလန်းဧရိယာဆိုင်ရာ အချက်အလက်များ ပြုစုခြင်းသည် ယခုစီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်မည်မဟုတ်ပေ။



ရှွန်ဘရွန်းနန်းတော်ရှေ့ရှိ ပန်းခြံ (Wien Tourismus, Peter Rigaud)

### ဖြစ်ရပ်လေ့လာခြင်း(၁)
### အစိမ်းလန်းဆုံးမြို့တော်၊ ဗီယင်နာ

ဗီယင်နာသည် ကမ္ဘာပေါ်တွင် နေချင်စဖွယ်အကောင်းဆုံး မြို့ကြီးများတွင် ထိပ်ဆုံးမှ နေရာယူလေ့ရှိသည်။ ကမ္ဘာပေါ်ရှိ မြို့ကြီးများအနက် အစိမ်းလန်းဆုံးမြို့ဖြစ်သည်။ မြို့ဧရိယာတစ်ဝက်ခန့်ကို အစိမ်းရောင် စိမ်းလန်းနေရာများက ဖုံးလွှမ်းထားသည်။ လူဦးရေ ၁.၇ သန်းရှိသော မြို့တော်တွင် လူတစ်ဦးချင်းစီအတွက် စိမ်းလန်းဧရိယာအကျယ်အဝန်း ၁၂၀ စတုရန်းမီတာရှိသည်။ ပန်းခြံပေါင်း ၂၀၀၀ ခန့်ရှိသည်[၆]။

## ၃.၂။ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့် အလားအလာ

၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်းမှ မြို့ကြီးများသည် နိုင်ငံများ တိုးတက်ဖွံ့ဖြိုးရေးတွင် အဓိက အရေးပါလာကြသည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန်(GDP) အများစုကို မြို့ကြီးများရရှိကြသည်[၅]။ အခြားတစ်ဖက်တွင်လည်း မြို့ပြနေရာချဲ့ထွင်မှုနှုန်း မြင့်တက်လာပြီး လူဦးရေတိုးပွားလာသည်။ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် မြို့ပြနေရာတွင် နေထိုင်ကြတော့မည်ဟု ခန့်မှန်းထားကြသည်[၆]။ ထို့ကြောင့် မြို့တော်များသည် နိုင်ငံတစ်ခု၏ ကုန်ထုတ်လုပ်ရေးနှင့် လူဦးရေဗဟိုချက် ဖြစ်လာသည်။ ယင်းအချက်သည် မြို့ပြနေရာများအတွက် အခက်အခဲများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ကျန်းမာပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လူနေမှုဝန်းကျင် ဖန်တီးပေးရန်အတွက် အခက်အခဲများ ရှိလာရသည်။

ကမ္ဘာလုံးအတိုင်းအတာတွင်မြို့ပြစိမ်းလန်းဧရိယာများသည် မြို့တော်များရှိ မြို့ပြနေလူထုများ၏ ဘဝအရည်အသွေးအတွက် အဓိကကျသည့်နေရာတွင် ရောက်လာကြပြီး လူတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ လူမှုရေးပိုင်း၊ စိတ်ခံစားမှုပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ဆက်စပ်နေသည်။ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ် အစရှိသဖြင့် အကျိုးအမြတ် အများအပြား ပေးနိုင်သည်။

နိုင်ငံရေးအရလည်း ဒီမိုကရေစီလူ့အဖွဲ့အစည်း အားကောင်းလာစေရန်အတွက် အရေးပါသည်။ မူဝါဒရေးဆွဲသည့် လုပ်ငန်းစဉ်တွင် မြို့ပြနေအသိုင်းအဝိုင်းအတွက် လူထုတွေ့ဆုံပွဲများ ပြုလုပ်ရန် နေရာများဖြစ်သည်။ လူမှုအသိုင်းအဝိုင်းအတွင်း အားလုံးပါဝင်မှု၊ ယဉ်ကျေးမှုစုံလင်ခြင်းကို အားကောင်းစေသည့် တွန်းအားတစ်ခုဖြစ်ပြီး ၎င်းတွန်းအားသည် လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးကို မြှင့်တင်ပေးသည်။ စီးပွားရေးအရလည်း စိမ်းလန်းဧရိယာများသည် မြို့တစ်ခု၏ ဂုဏ်သတင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သကဲ့သို့၊ ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ပေးသည်။ ကောင်းမွန်စွာထိန်းသိမ်းထားသည့် စိမ်းလန်းဧရိယာများရှိသော မြို့များသည် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ပို၍ ဆွဲဆောင်နိုင်ကြသည်။ ၎င်းတို့ အနီးအနားတစ်ဝိုက် မြေဈေးများကိုလည်း မြှင့်တင်ပေးနိုင်ကြသည်[၇]။

မြို့ပြများ အလျင်အမြန်ဖြစ်ပေါ်လာခြင်းကြောင့် စီးပွားရေးအတွက်ရည်ရွယ်သည့်အဆောက်အဦများ၊အများပြည်သူဆိုင်ရာ နေအိမ်များ တည်ဆောက်ရန်လိုအပ်လာသည်။ ၎င်းလိုအပ်ချက်ကြောင့် မြို့ပြစီမံကိန်း ရေးဆွဲရာတွင် စိမ်းလန်းဧရိယာအသစ်များ ဖန်တီးထည့်သွင်းမှုများ ပျောက်ဆုံးသွားသည်။ မြို့ပြင်ပများတွင် စိမ်းလန်းဧရိယာများ ကျယ်ကျယ်ဝန်းဝန်း သတ်မှတ်ထားသည်များရှိသော်လည်းခရီးဝေးသွားရခြင်း၊သယ်ယူပို့ဆောင်ရေးအပေါ် အဓိကမှီခိုရခြင်း အစရှိသည့်အခက်အခဲများရှိသည်[၈]။

## ၃.၃။ မြို့ပြရှိ စိမ်းလန်းဧရိယာများ၏ အကျိုးပြုမှုများ

မြို့ပြတွင် စိမ်းလန်းဧရိယာများရှိခြင်းကြောင့် ရရှိသည့် ကောင်းကျိုးများကို တွက်ချက်ရန်မှာ ခက်ခဲနိုင်သည်။ အကြောင်းအရာ ကျယ်ပြန့်ခြင်းကြောင့်သော်လည်းကောင်း၊ အချို့သော လက်ဆုပ်လက်ကိုင်မပြနိုင်သည့် ဂုဏ်ရည်များကြောင့်သော်လည်းကောင်း ခက်ခဲနိုင်သော်လည်း သုတေသနမှတစ်ဆင့် ဖော်ထုတ်ထားသည့် ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို အောက်တွင် ဖော်ပြထားပါသည်။

### ကျန်းမာရေးဆိုင်ရာ အကျိုးအမြတ်များ

မြို့ပြရှိ စိမ်းလန်းဧရိယာများ အသုံးပြုခွင့်ရခြင်းသည် ကျန်းမာရေးနှင့် ဘဝနေမှုပုံစံများပေါ်တွင် ကြီးမားသည့် သက်ရောက်မှုရှိသည်။ စိမ်းလန်းနေရာများသည် ပြည်သူ့ကျန်းမာရေးကို ပိုမို



**မဟာဗန္ဓုလပန်းခြံအတွင်း Hay Yangon ၏ကျန်းမာတက်ကြွ လူငယ်ဘဝ အားကစားလှုပ်ရှားမှု အစီအစဉ်တစ်ခု (allevents.in)**

ကောင်းမွန်စေသည်။ မြို့ပြနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို တိုးတက်စေကြောင်း သုတေသနများတွင် တွေ့ရှိရ

သည်။ အဝလွန်မှုကို လျှော့ချပေးသည်[၉]၊ ဆီးချိုဖြစ်မှု ရာခိုင်နှုန်းကို လျှော့ချပေးသည်[၁၀]၊ နှလုံးနှင့်ဆက်စပ်သည့်ရောဂါများ ဖြစ်ပွားမှု[၁၁]နှင့် သေဆုံးမှု[၁၂]ကို လျှော့ချပေးသည်။ ကိုယ်ဝန်ဆောင်ရလဒ်များကို တိုးတက်စေသည်[၁၃]။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ စိမ်းလန်းဇရိယာများသည် အောက်ဖော်ပြပါ အကျိုးအမြတ်များကို ရရှိစေသည်။

က) အနားယူအပန်းဖြေခြင်း၊ အားသစ်မွေးခြင်းနှင့် လူမှုရေးဆိုင်ရာ အရင်းအနှီးများကို တိုးတက်စေသည်။
ခ) ခန္ဓာကိုယ် ခုခံအားစနစ်ဆောင်ရွက်ချက်ကို တိုးတက်စေသည်။
ဂ) ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုနှင့် ကြံ့ခိုင်မှုတိုးတက်စေပြီး အဝလွန်မှုကို လျှော့ချပေးသည်။
ဃ) လူလုပ်ဆူညံသံများကို လျှော့ချပေးပြီး သဘာဝအသံများကို ထုတ်ပေးသည်။
င) လေထုညစ်ညမ်းမှုကို လျော့ကျစေသည်။ မြို့အပူချိန်ကို လျှော့ချပေးသည်။
စ) နေအလင်းရောင်ရရှိမှုကို တိုးတက်စေပြီး ကောင်းမွန်စွာ အိပ်ပျော်စေသည်[၁၄]။

## လူမှုရေးဆိုင်ရာ အကျိုးအမြတ်များ

လူမှုရေးအရလည်း စိမ်းလန်းဇရိယာများသည် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေလေ့ရှိသည်။

က) အပြန်အလှန်ဆက်ဆံခြင်းနှင့် လူမှုရေးသဟဇာတဖြစ်မှု
ခ) မှုခင်းလျော့ကျခြင်းနှင့် မတော်တဆမှုဖြစ်နိုင်ချေ လျော့ကျခြင်း
ဂ) အလှအပ ခံစားနိုင်ခြင်း၊ အပန်းဖြေခြင်း
ဃ) ဒေသ/ဒေသတွင်း အမှတ်လက္ခဏာနှင့်
င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်နှင့် သဘာဝအတွေ့အကြုံ[၁၅] စသည့်တို့ကို ထောက်ပံ့ပေးသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ

စိမ်းလန်းဇရိယာများသည် သဘာဝပတ်ဝန်းကျင်ကို များစွာ အကျိုးပြုသည်။

က) လေအရည်အသွေးနှင့် ရာသီဥတုကို ထိန်းပေးသည်။
ခ) ခင်းကျင်းထားသော မျက်နှာပြင်များမှ ထွက်ရှိလာသော အပူချိန်ကို လျှော့ချပေးခြင်းအားဖြင့် စွမ်းအင်အသုံးပြုမှုကို လျော့ကျစေသည်။
ဂ) မြေအောက်ရေများကို ပြန်လည်ဖြစ်ပေါ်စေသည်။ ကန်များ၊ ချောင်းများအတွင်းသို့ ညစ်ညမ်းသည့် အမှိုက်သရိုက်များ စီးဝင်ခြင်းကို ကာကွယ်ပေးသည်။
ဃ) မြေမျက်နှာပြင် ရေလျှံခြင်းမှ ကာကွယ်ပေးသည်။ အဖိုးတန်ဓာတ်ပစ္စည်းများ၊ အညစ်အကြေးများကို မြေထဲတွင် စုပ်ယူထားပေးသည်။
င) အပူချိန်မြင့်တက်လာမှုကို လျှော့ချပေးသကဲ့သို့ ရေလျှံခြင်းကိုလည်း လျော့ကျစေသည်။ ညအပူချိန်လျော့ကျမှုကို အားကောင်းစေသည်။
စ) မြေဆီလွှာကို ထိန်းထားပေးသည်။ ကန်၊ ချောင်း၊ ရေနုတ်မြောင်းနှင့် လမ်းများပေါ်တွင် နုန်းတင်ခြင်းကို ကာကွယ်ပေးသည်၊ ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် သဲမုန်တိုင်းကို လျှော့ချပေးသည်။
ဆ) လေထုထဲမှ မီးခိုး၊ ဖုန်နှင့် အခြား ညစ်ညမ်းပစ္စည်းများကို ဖယ်ရှားပေးသည်[၁၇]။

## စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ

စိမ်းလန်းဇရိယာများသည် စီးပွားရေးပေါ်တွင် တိုက်ရိုက်သာမက သွယ်ဝိုက်၍လည်း အကျိုးပြုနိုင်သည်။

က) အနီးအနားရှိ နေအိမ်တန်ဖိုးကို အပြုသဘော သက်ရောက်မှုများရှိစေသည်။ နေအိမ်ပေါက်ဈေး မြင့်တက်သဖြင့် ဒေသ

**ဖြစ်ရပ်လေ့လာခြင်း(၂)**
**မှုခင်းလျော့ကျသွားခြင်း**

ကနေဒါနိုင်ငံ၊ တောင်အွန်တာရီယိုရှိ လူနေရပ်ကွက်တစ်ခုတွင် ရပ်ရွာဥယျာဉ်တစ်ခုကို အမှိုက်ပုံဟောင်းအနီးတွင် တည်ဆောက်ခဲ့သည်။ ယင်းနေရာသည် ယခင်က ခိုးဆိုးလုနှိုက်မှုများ ကျင်လည်ရာနေရာဖြစ်ပြီး အရေအတွက် ၁၂၀၀ ခန့်ရှိသည့် ဒေသခံများ ရှောင်ရှားကြသည့်နေရာဖြစ်သည်။ ဥယျာဉ်အဖြစ်ပြောင်းလဲပြီးနောက် နွေရာသီတွင် မှုခင်းဖြစ်ပွားမှုနှုန်း ၃၀ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ အနီးအနားတွင် မှုခင်းဖြစ်ပွားမှုနှုန်း ကျဆင်းသွားသောကြောင့် မြို့နေလူထုသည် ညဘက်တွင်လည်း လမ်းပေါ်ထွက်လာကြကာ မှုခင်းစောင့်ကြည့်မှုများ အလိုအလျောက် ဖြစ်ပေါ်စေခဲ့သည်။ မှုခင်းနှင့်ဆိုင်သည့်အကြောက်တရားများ လျော့နည်းသွားခဲ့သည်။ ဥယျာဉ်သည် အခြားအကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ရပ်ရွာအတွင်းရှိ လူမျိုးမတူသည့် အုပ်စုများအကြား အပြန်အလှန်ဆက်ဆံရေး တိုးတက်စေမှုအပါအဝင် အခြားကောင်းကျိုးများ ဖြစ်ပေါ်စေခဲ့သည်[၁၆]။

ခံအစိုးရများအနေဖြင့်လည်း မြင့်မားသည့် အိမ်ခွန်နှုန်းထားကို ရရှိစေနိုင်သည်။

ခ) အများပြည်သူအသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာနှင့် အကွာအဝေး၊ ဧရိယာအရွယ်အစား၊ အနီးအနားဝန်းကျင် အနေအထားပေါ်မူတည်ပြီး နေအိမ်ဈေးနှုန်း အပြောင်းအလဲ ဖြစ်ပေါ်နိုင်သည်။

ဂ) မြို့စည်ပင်သာယာသို့ ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ် ပေးနိုင်သည်။

ဃ) အိမ်ဈေးနှုန်းအမြင့်ဖြင့် ရောင်းချနိုင်သဖြင့် အိမ်ခြံမြေလုပ်ငန်းရှင်များအတွက် စီးပွားရေး အကျိုးအမြတ် ဖြစ်ထွန်းစေသည်။ ဈေးကွက် မျက်နှာပန်းလှ၍ ပုံမှန်ဆောက်လုပ်ရောင်းချခြင်းထက် ပို၍ လျင်မြန်စွာ ရောင်းချ သို့မဟုတ် ငှားရမ်းနိုင်သည်[၁၈]။

င) ခရီးသွားလုပ်ငန်း တိုးတက်လာခြင်းကြောင့် လက်လီဆိုင်များ (ကုန်စည်၊ အစားအသောက်) ရောင်းအားတက်စေနိုင်သည်[၁၉]။



စင်ကာပူနိုင်ငံ၏ အထင်ကရ နေရာတစ်ခုဖြစ်သော Gardens by the Bay (Grant Associates)

### ဖြစ်ရပ်လေ့လာခြင်း(၃)
### စင်ကာပူမှ Gardens by the Bay နှင့် ၎င်း၏ စီးပွားရေးသက်ရောက်မှုများ

Gardens by the Bay သည် စင်ကာပူမြို့လယ် ဧက ၂၅၀ အကျယ်ရှိသော သဘာဝပန်းခြံဖြစ်သည်။ စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းကို များစွာအထောက်အပံ့ဖြစ်စေပြီး ၂၀၁၄ ခုနှစ် စတင်ဖွင့်ချိန်မှ ခရီးသွား သန်းပေါင်း ၂၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ခရီးသွား ၆.၄ သန်းကို ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် စင်ကာပူသို့ လာရောက်လည်ပတ်သည့် ခရီးသွားစုစုပေါင်း သုံးပုံတစ်ပုံကျော်ကို ဆွဲဆောင်နိုင်ခဲ့သည်။ (စုစုပေါင်းလည်ပတ်သူ ၁၅.၁ သန်းရှိ) စင်ကာပူတွင် ပထမဦးစားပေး လည်ပတ်ရမည့်နေရာအဖြစ် Trip Advisor တွင် ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ် Facebook တွင် ရောက်ရှိကြောင်း အမှတ်အသားပြုမှု (checked-in) အများဆုံး ကမ္ဘာ့အဆင့် ၁၃ ရရှိခဲ့သည်။ ခရီးသွားဘုတ်အဖွဲ့အမျိုးမျိုးထံမှ ဆုပေါင်းများစွာ ရရှိခဲ့သည်။ ဗိသုကာနှင့် ဒီဇိုင်းလုပ်ငန်းအစုအဖွဲ့များ၊ အဆောက်အဦနှင့် ဆောက်လုပ်ရေးလုပ်ငန်းအုပ်စုများထံမှလည်း ဆုပေါင်းများစွာလည်း ရရှိခဲ့သည်။ စင်ကာပူသည် ခရီးသွားလုပ်ငန်းမှ တစ်နှစ်ဝင်ငွေ ဒေါ်လာ ၂၉ ဘီလီယံ ရရှိနေသည်[၂၀]။

# အခန်း(၄)

# ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများ

## ၄.၁။ ရန်ကုန်မြို့ရှိ ပန်းခြံများ ပျံ့နှံ့တည်ရှိမှု

ရန်ကုန်မြို့၏ လက်ရှိလူဦးရေသည် ၁၉၉၀ ပြည့်နှစ်စာရင်းဖြစ်သော ၂.၉ သန်းထက် နှစ်ဆနီးပါးဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ၅.၂ သန်း ရှိသည်။ ယခုနှုန်းအတိုင်း တိုးပွားလာပါက ၂၀၂၄ ခုနှစ်တွင် မြို့နေလူဦးရေသည် ၇ သန်းခန့် ရှိလာမည်ဖြစ်သည်။

**ဇယား(၁)။ တစ်ဦးချင်း အသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာ[၂၁]**

| ခုနှစ် | ပန်းခြံအကျယ်အဝန်း (စတုရန်းမိုင်) | မြို့အကျယ်အဝန်း (စတုရန်းမိုင်) | တစ်ဦးချင်း အသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာအကျယ်အဝန်း (စတုရန်းပေ/တစ်ဦးချင်း) | လူဦးရေ (သန်း) | ၁၉၉၀ နောက်ပိုင်း ဖြစ်ပေါ်လာသည့် အပြောင်းအလဲ (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁၉၉၀ | ၃.၂ | ၈၄ | ၂.၉ | ၃၀.၅ | - |
| ၂၀၀၂ | ၃.၃ | ၂၃၁.၂ | ၄.၂ | ၂၁.၉ | -၂၈.၂ % |
| ၂၀၁၄ | ၃.၅ | ၃၀၆.၇ | ၅.၂ | ၁၈.၇[၁] | -၃၈.၇ % |

ကိုးကား - ရန်ကုန်မြို့တော်စည်ပင် (၂၀၁၆)



ကျိုက္ကဆံကွင်း (burmapolo.com)

ထို့အတူ ရန်ကုန်မြို့တွင် အများပြည်သူပိုင် ပန်းခြံ ၆၃ ခုရှိပြီး အကျယ်အဝန်းအားဖြင့် ၂၁၁.၂၅ ဟက်တာ (၅၂၂ ဧက) ရှိသည်။ လူတစ်ဦးချင်းစီအတွက် စိမ်းလန်းဧရိယာ ၀.၄၁ စတုရန်းမီတာ (၄.၃၇ စတုရန်းပေ) အကျယ်ရှိသည်။ တိရစ္ဆာန်ရုံ၊ လော်ကား ဘေးမဲ့ဥယျာဉ်ကို ထည့်သွင်းတွက်ချက်ပါက တစ်ဦးချင်းစီအတွက် ၁.၇၄ စတုရန်းမီတာ (၁၈.၇၄ စတုရန်းပေ)အထိ ရရှိမည်ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တွက်ချက်မှုတွင် ၎င်းတို့ကို ထည့်သွင်းတွက်ချက်ထားသည်[၂၂]။ ယင်းနေရာများသည် ဝင်ကြေးပေး ဝင်ရောက်ရသည့်နေရာများ ဖြစ်သောကြောင့် ၎င်းတို့ကို ထည့်သွင်းတွက်ချက်ပါက အချက်အလက်များကို အဓိပ္ပာယ် လွဲချော်စေမည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လူတစ်ဦးချင်းစီအတွက် စိမ်းလန်းဧရိယာ ၉စတုရန်းမီတာ (၉၆.၈၈ စတုရန်းပေ) ရှိသင့်သည်ဟု ထုတ်ပြန်ထားသည်[၂၃]။


ရန်ကုန်မြို့တွင်း ပန်းခြံများအနက် တစ်ဝက်ကျော်သည် ဗဟိုစီးပွားရေးဇုန်နှင့် မြို့တွင်းပိုင်းဇုန်တွင် တည်ရှိသည်။ ခြုံကြည့်ပါက ယင်းနေရာနှစ်ခုတွင် အများပြည်သူဆိုင်ရာ ပန်းခြံ ၃၁ ခုရှိပြီး၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်တွင် ပန်းခြံ နှစ်ခုစီရှိသည်[၂၅]။ ပန်းခြံတစ်ခုရှိသည့် မြို့နယ် ၇ ခုရှိပြီး၊ ပန်းခြံမရှိသည့် မြို့နယ် ၉ ခုရှိနေသည်။

---

၁ ဤဧရိယာတွင် တိရစ္ဆာန်ဥယျာဉ်နှင့် လော်ကားဘေးမဲ့ဥယျာဉ်တို့ ပါဝင်ရေတွက်ထားပါသည်။

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

ပုံ (၂) အာရှမြို့ကြီးများမှ စိမ်းလန်းဧရိယာများ[၂၄]




ကိုးကား - အာရှအစိမ်းရောင်မြို့အညွှန်း

ထို့အပြင် မြန်မာ သတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၏ အချက်အလက်များအရ တစ်ဦးချင်းစီအလိုက်ရရှိသည့် စိမ်းလန်းဧရိယာ အများဆုံးရရှိထားသည့်နေရာ (ဗဟိုစီးပွားရေးဇုန်နှင့် မြို့တွင်းပိုင်းဇုန်)သည် ဘေးရန်ထိခိုက်နိုင်မှု အနည်းဆုံး နေရာများဖြစ်ကြောင်း ၎င်း၏ ဘေးရန်ထိခိုက်နိုင်မှုဇယားတွင် ဖော်ပြထားပါသည်[၂၅]။

ဇယား(၂) ရန်ကုန်မြို့မှ အများပြည်သူဆိုင်ရာပန်းခြံများ အရေအတွက်[၂၆]

| ဇုန် | ပန်းခြံအရေအတွက် |
|---|---|
| ဗဟိုစီးပွားရေးဇုန် | ၆ |
| မြို့တွင်းပိုင်းဇုန် | ၂၅ |
| အရှေ့တောင်ဇုန် | ၁၂ |
| မြောက်ပိုင်းဇုန် | ၁၆ |
| တောင်ပိုင်းဇုန် | ၂ |
| အရှေ့ပိုင်းဇုန် | ၂ |
| စုစုပေါင်း | ၆၃ |


ကိုးကား - ရန်ကုန်မြို့တော်စည်ပင် (၂၀၁၆)

ဇယား (၃) ပန်းခြံအများဆုံးရှိသည့် မြို့နယ် ၆ မြို့နယ်[၂၇]

| စဉ် | မြို့နယ် | ပန်းခြံအရေအတွက် |
|---|---|---|
| ၁ | ဗဟန်းမြို့နယ် | ၉ |
| ၂ | မရမ်းကုန်းမြို့နယ် | ၇ |
| ၃ | ဒဂုံမြို့နယ် | ၆ |
| ၄ | သင်္ဃန်းကျွန်းမြို့နယ် | ၅ |
| ၅ | အင်းစိန်မြို့နယ် | ၄ |
| ၆ | မြောက်ဥက္ကလာပမြို့နယ် | ၄ |

ကိုးကား - ရန်ကုန်မြို့တော်စည်ပင် (၂၀၁၆)

ပုံ (၃) ဧရိယာအလိုက် တစ်ဦးချင်းအတွက် စိမ်းလန်းဧရိယာ အချိုးအစား[၂]




ကိုးကား - ရန်ကုန်မြို့တော်စည်ပင် (၂၀၁၆)

## ၄.၂။ ရန်ကုန်မြို့ရှိ အများပြည်သူဆိုင်ရာပန်းခြံများ ဝင်ရောက်လည်ပတ်မှု

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် မေးမြန်းမှုအရ ၂၀၁၈ စက်တင်ဘာနှင့် အောက်တိုဘာ တစ်လချင်းစီတွင် ပန်းခြံအတွင်း ဝင်ရောက်လည်ပတ်သူ တစ်သန်းကျော်ရှိသည်[၃]။

**ဇယား (၄) ပန်းခြံတွင်း ဝင်ရောက်သူ အရေအတွက်**

| လ | ဝင်ရောက်လည်ပတ်သူ စုစုပေါင်း |
|---|---|
| စက်တင်ဘာလ | ၁၁၆၀၃၆၄ |
| အောက်တိုဘာလ | ၁၈၁၅၇၀၈ |

**ကိုးကား - ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၂၀၁၈)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပန်းခြံတွင်းဝင်ရောက်သူများ၏ လူဦးရေအချိုးအစား၊ အချက်အလက်များကို စုစည်းထားခြင်းမရှိပါ။ သို့သော်လည်း စီမံကိန်းလုပ်ငန်းတစ်ခုအနေဖြင့် AD သည် ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံ ၁၀ ခုတွင် လူပေါင်း ၁၅၇ ဦးကို မျက်နှာချင်းဆိုင်မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းရလဒ်အရ ပန်းခြံအတွင်းဝင်ရောက်သူများသည် အသက် ၁၃ နှစ်မှ ၅၉ နှစ်အထိရှိပြီး ပျမ်းမျှအသက်မှာ ၂၈ နှစ်ဖြစ်သည်။ ပန်းခြံတွင်းဝင်ရောက်သူ ၃၇ ရာခိုင်နှုန်းသည် ၁၉ နှစ် မှ ၂၅ နှစ်ကြား လူငယ်ထုဖြစ်ကြသည်။ ၂၆ နှစ်မှ ၃၅နှစ်နှင့် ၃၆ နှစ်မှ ၄၅နှစ်အကြား အသက်အရွယ်အုပ်စုသည် ၃၂ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်း အသီးသီးရှိသည်။ ရလဒ်များအရ လူငယ်များ (၁၃ နှစ်မှ ၂၅ နှစ်အထိ) သည် ပန်းခြံအတွင်း အဓိကဝင်ရောက်သူများ ဖြစ်ကြသည်။

**ဇယား (၅) ပန်းခြံအသုံးပြုသူများ၏ အသက်အရွယ်အုပ်စု**

| အသက်အရွယ်အုပ်စု | ရာခိုင်နှုန်း |
|---|---|
| ၁၃-၁၈ | ၁၃.၂ |
| ၁၉-၂၅ | ၃၇.၄ |
| ၂၆-၃၅ | ၃၂.၂ |
| ၃၆-၄၅ | ၇.၅ |
| ၄၆ နှင့် အထက် | ၉.၈ |

**ကိုးကား - စစ်တမ်းအချက်အလက် (၂၀၁၈)**

၂ ပန်းခြံ ၆၃ ခုစာရင်းပေါ်တွင် အခြေခံထားပြီး တိရစ္ဆာန်ဥယျာဉ်နှင့် လော့်ကားဘေးမဲ့ဥယျာဉ်တို့ကို ထည့်သွင်းထားခြင်းမရှိပါ။
၃ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနနှင့် မေးမြန်းမှု (၂၀၁၈၊ နိုဝင်ဘာလ)

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

**ဇယား (၆) ကျား၊မအလိုက် ပန်းခြံတွင်းဝင်ရောက်လည်ပတ်မှု အကြိမ်အရေအတွက် (ရာခိုင်နှုန်း)**

| ကျား၊မ | နေ့စဉ် | အပတ်စဉ် | လစဉ် | ၃လတစ်ကြိမ် | နှစ်စဉ် |
|---|---|---|---|---|---|
| ကျား | ၂.၂ | ၁၉.၄ | ၄၁.၉ | ၁၇.၂ | ၁၉.၄ |
| မ | ၅.၁ | ၁၄.၁ | ၄၃.၆ | ၁၆.၇ | ၂၀.၅ |


ကိုးကား - စစ်တမ်းအချက်အလက် (၂၀၁၈)

ပန်းခြံတွင်းဝင်ရောက်သူ ၅၄ ရာခိုင်နှုန်းသည် အမျိုးသားများ ဖြစ်ပြီး၊ ၄၆ ရာခိုင်နှုန်းသည် အမျိုးသမီး ဖြစ်သည်။ ပညာရေး အနေအထားကိုကြည့်ပါက ၄၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ဘွဲ့ရ များဖြစ်ပြီး အထက်တန်းအဆင့် ၃၃ ရာခိုင်နှုန်း၊ တက္ကသိုလ် တက်ဆဲ ၁၅ ရာခိုင်နှုန်း၊ အခြေခံပညာရေးနှင့် အတန်းပညာ မရှိသူများ ၆ ရာခိုင်နှုန်းဖြစ်ကြသည်။ ဝင်ရောက်လည်ပတ်သူ ၅၀ ရာခိုင်နှုန်းအထက်သည် ဝင်ငွေ ၂၅၀၀၀၀ အောက်ရှိကြပြီး (၂၈ ရာခိုင်နှုန်းသည် ၁၅၀၀၀၀ မှ ၂၅၀၀၀၀ ရှိပြီး၊ ၃၁ ရာခိုင်နှုန်းသည် ၁၅၀၀၀၀ အောက်ဖြစ်သည်) ၁၅ ရာခိုင်နှုန်းသည် လစဉ်ဝင်ငွေ ၄၅၀၀၀၀ အထက်ရရှိကြသည်။

စစ်တမ်းအရ ပန်းခြံဝင်ရောက်သူ ၄၃ ရာခိုင်နှုန်းသည် လစဉ် ပန်းခြံသွားကြပြီး ၁၇ ရာခိုင်နှုန်းသည် အပတ်စဉ် သွားရောက်ကာ၊ နေ့စဉ်သွားရောက်သူ ၄ ရာခိုင်နှုန်းရှိသည်။ အမျိုးသမီးနှင့် အမျိုးသား လာရောက်မှုကို ကြည့်မည်ဆိုပါက အမျိုးသမီးများသည် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်တွင် လည်ပတ်မှုအကြိမ်ရေ ပိုများနေသည်။ ပန်းခြံသွားရောက်လည်ပတ်သူ ၇၈ ရာခိုင်နှုန်းသည် အပန်းဖြေရန် (အပျော်၊ သူငယ်ချင်းများနှင့်တွေ့ဆုံရန်)၊ ၁၂ ရာခိုင်နှုန်းက ပန်းခြံကို ဖြတ်သန်းသွားလာသူများဖြစ်ပြီး ကိုယ်လက်လှုပ်ရှားရန် သွားရောက်သူ ၃ ရာခိုင်နှုန်းရှိသည်။ ပန်းခြံများ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူထားသည်ဟု ယူဆသူ ၅၄ ရာခိုင်နှုန်းရှိပြီး မည်သူက စီမံတာဝန်ယူကြောင်း မသိသူ ၂၀ ရာခိုင်နှုန်းရှိသည်။


လက်ရှိ ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံများ၏အခြေအနေ များနှင့်ပတ်သက်ပြီး AD ၏ စစ်တမ်းအရ ဖြေဆိုသူ ၃၁ ရာခိုင်နှုန်း က ပန်းခြံများ၏အခြေအနေမှာ အဆင်ပြေရုံမျှသာဖြစ်သည်ဟု ဖြေဆိုကြပြီး၊ ပန်းခြံသွားသူနှင့် ပန်းခြံအရေအတွက် မလုံလောက် ကြောင်း၊ အဆောက်အဦများအားနည်းကြောင်း ဖြေဆိုသူ ၂၂ ရာခိုင်နှုန်းရှိသည်။ ပန်းခြံသွားရောက်ရန် ဝေးလွန်းသည်ဟု ဖြေဆိုသူ ၁၀ ရာခိုင်နှုန်းရှိသည်။

**ပုံ (၄) ပန်းခြံသွားရခြင်း ရည်ရွယ်ချက်**




ကိုးကား - စစ်တမ်းအချက်အလက် (၂၀၁၈)

ပုံ (၅) လက်ရှိပန်းခြံများ၏ အနေအထားနှင့်ပတ်သက်သည့် သဘောထားများ




ကိုးကား - စစ်တမ်းအချက်အလက် (၂၀၁၈)

## ၄.၃။ ရန်ကုန်မြို့ရှိ ပန်းခြံများ အုပ်ချုပ်မှုစနစ်

ယေဘုယျအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ရှိ ပန်းခြံများကို တာဝန်ယူထားရသည့် အဖွဲ့အစည်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ ခုအနက် ၃၃ ခုတွင် စည်ပင်သာယာလုပ်ငန်း (မြို့ပြစီမံခန့်ခွဲခြင်း၊ အမှိုက်နှင့် ရေနုတ်မြောင်း၊ ရေပေးဝေခြင်းနှင့် မီလ္လာ၊ အများပြည်သူဆိုင်ရာ အပန်းဖြေနေရာများ စီမံခန့်ခွဲမှု) များသည် ရန်ကုန်မြို့တော်စည်ပင်၏ တာဝန်ဖြစ်သည်[၂၉]။ ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် စားသောက်ဆိုင်/ ဆိုင်ခန်းများဖွင့်ရန် ခွင့်ပြုခြင်းကဲ့သို့သော ပန်းခြံနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ကောင်းပါဝင်နိုင်သည်[၄]။ သို့သော်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပန်းခြံများအတွက် အဓိကတာဝန်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**၂၀၁၈ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအသစ်**တွင် အဓိကကျသော ပြင်ဆင်ပြောင်းလဲခြင်းအချို့ ပါဝင်ခဲ့သည်။ ၎င်းတွင် အခန်း ၃၁ ခန်း၊ အပိုဒ်ပေါင်း ၃၃၇ ပါဝင်ပြီး စည်းကမ်းမလိုက်နာသည့် ဝန်ထမ်းများကို အရေးယူနိုင်သည့် ပြစ်ဒဏ်များလည်း ထည့်သွင်းဖော်ပြထားသည်။ တိုင်းဒေသကြီးအစိုးရ၏ အုပ်ချုပ်မှုဖွဲ့စည်းပုံကို အဓိကပြောင်းလဲမည့် လုပ်ငန်းများကို ဥပဒေအသစ်တွင် ထည့်သွင်းဖော်ပြထားသည်[၃၀]။ ကစားကွင်းနှင့် ပန်းခြံများ အသစ်ဖော်ထုတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းတို့နှင့် သက်ဆိုင်သည့် ရန်ကုန်မြို့တော် စည်ပင်၏ တာဝန်များကို ဥပဒေသစ်၏ အခန်း ၁၀ တွင် အပိုဒ် ၁၀ ပိုဒ်ဖြင့် ပြဋ္ဌာန်းထားသည်[၃၁]။

ရန်ကုန်မြို့တော်အတွင်း စိမ်းလန်းဧရိယာများ ဖြစ်ပေါ်လာစေရန်၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသည် အဓိကတာဝန်ရှိသည့် ဌာနဖြစ်သည်။ ထို့အတူ အောက်ဖော်ပြပါ လုပ်ငန်းများနှင့် တာဝန်များကို ဆောင်ရွက်သည်။

- ❖ မြို့တော်အတွင်းရှိ စည်ပင်သာယာပိုင်ပန်းခြံ၊ ပန်းဥယျာဉ်များနှင့် ကလေးအားကစားကွင်းများကို ပြုစု ထိန်းသိမ်းမွမ်းမံ ပြုပြင်ပေးခြင်း၊ အသစ် တိုးချဲ့တည်ဆောက်ပေးခြင်း။
- ❖ စည်ပင်သာယာပိုင်ပန်းခြံ ပန်းဥယျာဉ်အသီးသီးတွင် ရှုချင်စဖွယ် ပန်းအလှများ၊ ရာသီပန်းများ စိုက်ပျိုးပေးခြင်း၊ ကလေးအားကစားကွင်းများ ဖန်တီးပေးခြင်း၊ ကစားစရာပစ္စည်းများ တီထွင်တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း။
- ❖ အန္တရာယ်ဖြစ်စေမည့် သစ်ပင်အိုများနှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်လှဲဖယ်ရှားပေးခြင်း၊ လိုအပ်သည့်နေရာများကို

၄ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် မေးမြန်းမှု (၂၀၁၈၊ နိုဝင်ဘာလ)

ဖြည့်စွက်စိုက်ပျိုးပေးခြင်း။

- ❖ လမ်းဆုံအဝိုင်းကြီးများ၊ တြိဂံကျွန်းများနှင့် လမ်းလယ်ကျွန်းတို့တွင် စိမ်းလန်းစိုပြေသော သစ်ပင်များ၊ မြက်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း။
- ❖ ရာသီအလိုက် သစ်ပင်ပန်းပင်များနှင့် ရာသီပန်းများကို ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် မျိုးပွားပေးခြင်း။
- ❖ မြို့တော်အတွင်း ရှုခင်းသာနေရာများ ဖန်တီးပေးခြင်း၊ လိုအပ်သည့်နေရာများတွင် စိမ်းလန်းစိုပြေသော မြက်ခင်းများ၊ လမ်းအလယ်ပန်းခုံများ၊ ပန်းအလှများနှင့် ရာသီပန်းများ ပြုစုပျိုးထောင်ပေးခြင်း၊ ထိန်းသိမ်းခြင်း။
- ❖ ပန်းဥယျာဉ်နှင့် ပန်းခြံများအတွင်း လိုအပ်သော အဆောက်အအုံများ တည်ဆောက်ပေးခြင်း။
- ❖ မိမိဌာနအတွက် လိုအပ်သော စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူခြင်း၊ မှာယူဖြည့်တင်း၍ ပန်းခြံအသီးသီးသို့ စနစ်တကျသုံးစွဲနိုင်ရန် ဖြန့်ဝေပေးခြင်း။
- ❖ စိမ်းလန်းစိုပြေရေးဆိုင်ရာ ယာဉ်ယန္တရားများ ဝယ်ယူဖြည့်တင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်သုံးဆီတို့အား စီမံခန့်ခွဲခြင်း။
- ❖ မြို့တော်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေရန် စိုက်ပျိုးနိုင်သော မြေလွတ်နေရာများ၌ အရိပ်ရပင်များ၊ သစ်တောပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထိန်းသိမ်းခြင်း။
- ❖ ပန်းခြံဥယျာဉ်ကြီးများမှ ဝင်ငွေရရှိသော လုပ်ငန်းများကို ဖော်ထုတ်ခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း။
- ❖ ဌာနရှိ အရာထမ်း၊ အမှုထမ်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းတာဝန်များကို အဆင့်သတ်မှတ်ပေးခြင်း။
- ❖ မြို့တော်နယ်နိမိတ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း။
- ❖ အရိပ်ရပင်၊ ပန်းပင်များ ပျိုးထောင်ထုတ်လုပ်မှု လုပ်ငန်းများအား ဆောင်ရွက်ခြင်း။
- ❖ ကော်မတီနယ်နိမိတ်အတွင်းရှိ မလိုလားအပ်သော အပင်များ၊ အမြင်မတင့်တယ်သော အပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း[၃၂]။

ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် မေးမြန်းချက်အရ ရပ်ကွက်တိုင်းတွင် ကစားကွင်းတစ်ခု၊ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခုစီရှိစေရန် ဌာနမှ ရည်ရွယ်ထားကြောင်း သိရသည်။ ပန်းခြံများနှင့် ကစားကွင်းများ အမြဲစိမ်းလန်းပြီး အသုံးပြုနိုင်အောင်လည်း ပြုစုထိန်းသိမ်းထားရန် ရည်ရွယ်ထားကြောင်းသိရသည်။ ဌာနမှူးနှင့် မြို့နယ်အရာရှိများ အစည်းအဝေးပြုလုပ်ကာ ဘတ်ဂျက်ပြင်ဆင်ပြီး ကော်မတီသို့တင်ပြသည်။ ပန်းခြံအသစ်ဆောက်မည်ဆိုပါက လျာထားသည့်နေရာသည် ရန်ကုန်မြို့တော်စည်ပင်ပိုင်ဆိုင်သည့်နေရာ ဟုတ်မဟုတ်ကို မြို့တော်စီမံရေးရာနှင့် မြေယာစီမံဌာနက စစ်ဆေးသည်။ စစ်ဆေးပြီးနောက် ဘတ်ဂျက်နှင့် ငွေစာရင်းများဌာနသို့ ပေးပို့သည်။ ထို့နောက်တွင် အင်ဂျင်နီယာဌာန၏ ပံ့ပိုးမှုဖြင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက အကောင်အထည်ဖော်တည်ဆောက်သည်[၅]။

## ၄.၄။ ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် လက်ရှိဆောင်ရွက်နေမှုများ

အများပြည်သူဆိုင်ရာ ပန်းခြံများတည်ဆောက်ခြင်းဖြင့် စိမ်းလန်းသည့် အပန်းဖြေနေရာများဖြစ်လာစေရန်နှင့် မြို့ပြလူနေမှုဘဝ ကျန်းမာရေး၊ သက်သောင့်သက်သာရှိရေးအတွက် စိမ်းလန်းဧရိယာဝန်းကျင် တိုးတက်လာရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက်ဖြစ်သည်[၃၃]။ သို့သော်လည်း ရန်ကုန်မြို့တော်အတွင်း အများပြည်သူဆိုင်ရာပန်းခြံများ သိသာစွာတိုးတက်လာခြင်းမရှိဘဲ လူဦးရေတိုးပွားလာခြင်းနှင့် မြို့ပြတိုးချဲ့မှုလျင်မြန်လာသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများက စိမ်းလန်းဧရိယာများကို အစားထိုး ဝင်ရောက်လျက်ရှိနေသည်။

တိုင်းဒေသကြီးအစိုးရက စိမ်းလန်းဧရိယာများတွင် လုပ်ပိုင်ခွင့်ချထားပေးမှုကို လက်ခံရရှိသည့် ပုဂ္ဂလိကကုမ္ပဏီများရှိသည်။ မြောက်ဥက္ကလာပမြို့နယ်ရှိ ၁၀ ဧက အကျယ်ရှိသော ကန်သာယာပန်းခြံသည် စိန်ဂေဟာစူပါမားကတ်နှင့် Fun Valley အပန်းဖြေနေရာအတွက် ချထားပေးခြင်းခံရပြီး ပန်းခြံနေရာများကို ဆုံးရှုံးခဲ့ရသည်။ Frontier ၏ ရေးသားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဖြူပွင့်ဆန်းကုမ္ပဏီသို့ နိုင်ငံတကာအဆင့်မီ ပန်းခြံ၊ အပန်းဖြေနေရာနှင့် အနားယူစင်တာတည်ဆောက်ရန်အတွက် ချထားပေးလိုက်သည်[၃၄]။

၂၀၁၃ ခုနှစ်တွင် ၄၄.၅ ဧကရှိ မြကျွန်းသာပန်းခြံကို ကုမ္ပဏီရှစ်ခုသို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ချထားပေးခဲ့

၅ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် မေးမြန်းမှု (၂၀၁၈၊ နိုဝင်ဘာလ)



**ပုဂ္ဂလိကသို့ ငှားရမ်းလိုက်သည့် မြကျွန်းသာပန်းခြံ (7 Day Daily) ဓာတ်ပုံ - နှစ်ကီ**

သည်။ ယင်းကုမ္ပဏီများသည် တစ်ကေအတွက် တစ်နှစ်လျှင် ကျပ်ငွေ ၁၂ သန်းဖြင့် ငှားရမ်းခွင့် ရရှိခဲ့ကြသည်။ ထိုနေရာတွင် အပန်းဖြေပန်းခြံ၊ ကျန်းမာရေးဆေးပေးခန်း၊ ရုပ်ရှင်ရုံ၊ ဂေါက်လေ့ကျင့်ရေးနေရာများ တည်ဆောက်မည်ဖြစ်သည်[၃၅]။ သို့သော်လည်း ၂၀၁၆ မတ်လတွင် အငှားစာချုပ်ကို ရပ်ဆိုင်းခဲ့သည်။ ကုမ္ပဏီများတင်ပြထားသည့် မြေအသုံးပြုပုံနှင့် ငှားရမ်းပုံသည် နည်းလမ်းမှန်ကန်မှုမရှိခြင်း၊ အများပြည်သူဆိုင်ရာ နေရာကို ပျက်စီးစေခြင်းကြောင့် ရပ်ဆိုင်းခဲ့သည်။ စီမံကိန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်ကုမ္ပဏီရှစ်ခုအနက် လေးခုကို စီမံကိန်းဆိုင်ရာ အထောက်အထားများပေးရန် တောင်းဆိုခဲ့သည်[၃၆]။ ၂၀၁၈ ခုနှစ် ရန်ကုန်စာရင်းစစ်ချုပ် အစီရင်ခံစာအရ ယင်းစီမံကိန်းများမှာ ရပ်ဆိုင်းခံထားရဆဲဖြစ်သည်[၃၇]။ မြန်မာ့အလင်းသတင်းစာ၊ ရွှေဝတီနှင့် မြန်မာတိုင်းမ်သတင်းစာများကလည်း ပန်းခြံမြေငှားရမ်းခမှာ အလွန်နည်းသည်ဟု ရေးသားဖော်ပြခဲ့ကြသည်[၃၈]။

မြို့တော်၏စီးပွားရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်မှု မြင့်တက်လာခြင်းကြောင့် မရှိသလောက်ဖြစ်နေသည့် အများပြည်သူဆိုင်ရာ အပန်းဖြေနေရာများမှာ ခြိမ်းခြောက်ခံနေရသည်ဟု ၂၀၁၅ ခုနှစ်တွင် Frontier က ဖော်ပြခဲ့သည်။ ဆောင်းပါးပါ အချက်အလက်များအရ တာမွေမြို့နယ်တွင် ၁၄၇ ကေအကျယ်ရှိ ကျိုက္ကဆံကစားကွင်းကို ဗဟိုစီးပွားရေးဧရိယာအဖြစ် ပြောင်းလဲရန် အစီအစဉ်ရှိကြောင်းသိရသည်။ သို့သော်လည်း စီမံကိန်းအခြေအနေအတိအကျကို စုံစမ်းအတည်ပြုနိုင်ခဲ့ခြင်း မရှိပါ[၃၉]။ ၂၀၁၈ ခုနှစ်တွင် မြန်မာတိုင်းမ်နှင့် အလဲဗင်းမီဒီယာမှ ကျိုက္ကဆံကစားကွင်းတွင် အောင်ဆန်းအမျိုးသားပန်းခြံ၊ ကွန်ဒိုများနှင့် အားကစားကွင်းများ တည်ဆောက်မည်ဟု ဖော်ပြခဲ့သည်။ မြန်မာအစိုးရနှင့် ဂျပန်အစိုးရ ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်သည်။ ကျိုက္ကဆံကစားကွင်းကို အပိုင်းသုံးပိုင်း ခွဲခြားလိုက်မည်ဖြစ်သည်။ အားကစားအပိုင်း၊ အများပြည်သူအပန်းဖြေနေရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းဝင်ရောက်မည့်နေရာဟူ၍ ဖြစ်သည်[၄၀]။

အခြားတစ်ဖက်တွင်လည်း ရန်ကုန်မြို့တော်အတွင်း စိမ်းလန်းဧရိယာများပေါ်ပေါက်ရေး၊ မြို့ပြစီမံကိန်းနှင့် ပြန်လည် စိမ်းလန်းရှင်သန်ရေးအတွက် အားစိုက်လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများလည်း ရှိသည်။ ၂၀၁၇ ခုနှစ်မှစပြီး ဒို့အိမ်အဖွဲ့သည် မြို့ပြစီမံမှုဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော် အသွင်သစ်ဖြင့် ပြန်လည်ရှင်သန်စေရန် သမိုင်းအမွေအနှစ်ဆိုင်ရာ အဆောက်အဦများ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်း၊ အများပြည်သူဆိုင်ရာနေရာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အပန်းဖြေခြင်း၊ ပြည်သူများအကြား ရင်းနှီးနီးစပ်မှုရှိစေရန် ရည်ရွယ်လျက် အမှိုက်ပုံများကို ကစားကွင်းနှင့် စိမ်းလန်းဧရိယာများအဖြစ် ပြောင်းလဲခြင်းတို့နှင့်အတူ လူထုဗဟိုပြုသည့် မြို့ပြအမွေအနှစ်ထိန်းသိမ်းခြင်း၊ မြို့ပြပြန်လည်စိမ်းလန်းရှင်သန်စေရန် ဆောင်ရွက်ခြင်း၊ ဥယျာဉ်များတည်ဆောက်ခြင်း၊ လမ်းနံဘေး အနုပညာဆင်ယင်ခြင်းနှင့်

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

ကစားကွင်းများဖော်ဆောင်ခြင်း၊ ပစ္စည်းဟောင်းများ ပြန်လည်အသုံးပြုခြင်းနှင့် အမှိုက်မြေဆွေးလုပ်ခြင်းအတွက် ရည်ရွယ်ကာ နောက်ဖေးလမ်းကြားဥယျာဉ် စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ ဒို့အိမ်သည် မြို့လယ်ရှိ နောက်ဖေးလမ်းကြားခြောက်ခု ပြန်လည်မွမ်းမံခြင်းတွင် ပါဝင်ခဲ့သကဲ့သို့ လက်ရှိတွင်လည်း နောက်ဖေးလမ်းကြား စီမံကိန်း လေးခုနှင့် မြို့လယ်တွင် ကောင်းမွန်သော လျှောက်လမ်းများဖြစ်ပေါ်စေရန် လျှောက်လမ်းများ အဆင့်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်[၄၁]။



**ဒို့အိမ်အဖွဲ့မှ ရပ်ကွက်နေလူများ၊ စေတနာ့ဝန်ထမ်းများ၊ အနုပညာရှင်များနှင့်ပူးပေါင်းပြီး ၂၅ လမ်းမှ အိမ်နောက်ဖေးလမ်းကြားတစ်ခုအား ဥယျာဉ်ငယ်တစ်ခုအဖြစ် ပြောင်းလဲခဲ့သည်။** (Eli Meixiler, Frontier)

# ၄.၅။ ရန်ကုန်မြို့ရှိ ပန်းခြံများအတွက် တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် မဟာဗျူဟာကျ လှုပ်ရှားမှုများ

လက်ရှိဆောင်ရွက်နေမှုများအပြင် ရေရှည်သဘောဆောင်သည့် မူဝါဒပြုပြင်ရေး၊ မဟာဗျူဟာများဖြင့် ရန်ကုန်မြို့တော်၏ စိမ်းလန်းဧရိယာများ တိုးတက်ရေးကို ဆောင်ရွက်နေသည့် အဖွဲ့များလည်း ရှိသည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် တစ်ခုအပါအဝင်ဖြစ်သည်။ မြို့လယ်နေရာရှိ မြို့ပြအမွေအနှစ်များ ထိန်းသိမ်းခြင်းကို အဓိကဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ရန်ကုန်ကို အာရှရှိ နေထိုင်ရန်အကောင်းဆုံးမြို့တော်များအနက် တစ်ခုအပါအဝင်ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းလည်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်အမွေအနှစ်မဟာဗျူဟာကို ရေးဆွဲခဲ့သည်။ ယင်းမဟာဗျူဟာတွင် နေထိုင်ရန် ကောင်းမွန်အဆင်ပြေသည့် ရန်ကုန်မြို့အဖြစ်သို့ ပြောင်းလဲရာ၌ အဓိကလိုအပ်သည့် အခြေခံအချက် ၁၂ ချက်တွင် အများပြည်သူများ အသုံးပြုနိုင်သည့် ပန်းခြံများကို တစ်ခုအပါအဝင်အဖြစ် သတ်မှတ်ထားသည်။ ထို့အတူ ရန်ကုန်မြို့တော်အတွင်းရှိ ပန်းခြံအများစုမှာ အများပြည်သူအတွက် မဟုတ်တော့ဘဲ ပုဂ္ဂလိက ဖက်စပ်ဆောင်ရွက်ချက်များကြောင့် လျော့ကျသွားခဲ့ပြီဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ထောက်ပြခဲ့သည်။ ၎င်းတို့၏ မဟာဗျူဟာတွင် အများပြည်သူသုံး ပန်းခြံများ၊ ဥယျာဉ်များနှင့်ပတ်သက်ပြီး ထောက်ပြအကြံပြုထားချက်သုံးခုပါဝင်သည်။ ၎င်းတို့မှာ ပန်းခြံများစီမံခန့်ခွဲမှုနှင့် အများပြည်သူအသုံးချနိုင်မှု၊ လက်ရှိပန်းခြံများ ပြင်ဆင်မွမ်းမံခြင်း၊ ရန်ကုန်မြို့တော်အတွင်း စိမ်းလန်းဧရိယာများ ဖန်တီးခြင်းတို့ဖြစ်သည်[၄၂]။

ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)သည်လည်းရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီး ပန်းခြံများ၊ စိမ်းလန်းဧရိယာများနှင့် ပတ်သက်ကာ ဆောင်ရွက်နေသည့် အခြားသော အဖွဲ့အစည်းတစ်ခုဟု ဆိုနိုင်သည်။ ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးအစိုးရ၏ သဘောတူညီချက်နှင့် မဟာရန်ကုန်စီမံကိန်းအတွက် မဟာဗျူဟာကို ပြင်ဆင်ခဲ့သည်။ လက်ရှိ လူတစ်ဦးချင်းအသုံးချနိုင်သည့် စိမ်းလန်းဧရိယာ အရွယ်အစားကို နှစ်ဆမြှင့်တင်ရန်၊ ၂၀၄၀ ပြည့်နှစ်တွင် အများပြည်သူအသုံးပြုနိုင်သည့် ပန်းခြံမရှိသည့် မြို့နယ်အရေအတွက် လျော့ချသွားရန် ၎င်းတို့ရေးဆွဲထားသည့် အစီအစဉ်တွင် ထည့်သွင်းထားသည်။ ထို့အပြင် JICA မှ မဟာဗျူဟာသုံးရပ်ကိုလည်း အကြံပြုထားသည်။ မြို့သစ်နေရာများတွင် အများပြည်သူ အသုံးပြုနိုင်သည့် ပန်းခြံများတည်ဆောက်ရန်၊ လက်ရှိ အများပြည်သူအသုံးပြုနိုင်သည့်ပန်းခြံများကို ပြုပြင်ရန်နှင့် မြို့တွင်းရှိ စိမ်းလန်းဧရိယာများကို ပြုပြင်ရန်၊ မြို့ပြနေရာများတွင် စိမ်းလန်းဧရိယာများ ချဲ့ထွင်ရန်တို့ကို အကြံပြုထားသည်။ စိမ်းလန်းမှုဧရိယာပမာဏကို တိုးချဲ့နိုင်ရန်အတွက် အကြီးစား အဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်းများ ပြုလုပ်သည့်အခါတွင် စုစုပေါင်းနေရာအကျယ်အဝန်းနှင့် လိုက်ဖက်ညီသည့် စိမ်းလန်းဧရိယာအချိုးတစ်ခုသတ်မှတ်ပြီး အကောင်အထည်ဖော် လိုက်နာစေသင့်သည်ဟု ဖော်ပြထားသည်။ စိမ်းလန်းဧရိယာများနှင့် သက်ဆိုင်သော အချက်အလက်များ အားကောင်းလာစေရန်ပြင်ဆင်ခြင်း၊ ဖြန့်ဝေခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ စိမ်းလန်းဧရိယာများ ကျယ်ပြန့်လာရေးနှင့် ပတ်သက်သည့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များ၊ လက်ခံနိုင်သည့် စနစ်များကိုဖန်တီးရန်အတွက် အကြံပြုထားသည်[၄၃]။

# အခန်း(၅)

## ရှေ့ဆက်လုပ်ငန်းစဉ်များ

***မြို့တစ်မြို့မှာ ပန်းခြံတွေမရှိရင် လူတွေ အပန်းဖြေဖို့ နေရာမရှိဘူး၊ သာမန်လူတွေအတွက် စိတ်ဖိစီးမှုတွေဖြစ်လာရင် ပန်းခြံကိုသွားကြမှာပဲ၊ ပန်းခြံမရှိရင် စိတ်ကျန်းမာရေး ထိခိုက်တာတွေ တိုးလာမယ်၊ ပြီးတော့ သစ်ပင်တွေ မရှိလို့ လေထုညစ်ညမ်းတာတွေလည်း ဖြစ်လာနိုင်တယ်။***

**- ၂၂ နှစ်အရွယ် အမျိုးသား၊ စစ်တမ်းဖြေဆိုသူ**

ရန်ကုန်မြို့တော်ရှိ တိုးပွားလာသည့် လူဦးရေအတွက် စိမ်းလန်းဧရိယာများ ဖန်တီးခြင်းနှင့် ရှိပြီးသားနေရာများ ထိန်းသိမ်းခြင်းတွင်အခက်အခဲများစွာရှိသည်။ ကိုလိုနီအမွေအနှစ်နေရာများ၊ ခေတ်မီ အထပ်မြင့်အဆောက်အအုံများဖြင့် ရန်ကုန်သည် မြို့ပြကြီးဖြစ်လာခြင်းနှင့်အတူ စီးပွားရေးဗဟိုချက်မနှင့် ပြည်ပပို့ကုန်များထုတ်လုပ်သည့်စက်ရုံများရှိရာနေရာနှင့်ကမ္ဘာလှည့်ခရီးသွားများအတွက်လည်း မြန်မာနိုင်ငံသို့ အဓိကဝင်ရောက်ရာ ဝင်ပေါက်တစ်ခု ဖြစ်လာသည်။

စိမ်းလန်းဧရိယာများသည် မြို့တော်များ ရေရှည်တည်တံ့ရေး၏ အဓိကကျသည့် အစိတ်အပိုင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေသည်။ ယဉ်ကျေးမှုဖလှယ်ခြင်းအတွက်လည်း အထောက်အကူဖြစ်ပြီး စီးပွားရေး၊ ခရီးသွားလုပ်ငန်းတို့ကိုလည်း အထောက်အကူဖြစ်စေသည်။ စိမ်းလန်းဧရိယာများသည် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးခြင်းကို မြှင့်တင်ပေးသည်။ စီးပွားရေးလုပ်ငန်းအသစ်များ စတင်ခြင်းနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ကို အားပေးသည်။ စုစုပေါင်းဒေသထုတ်ကုန်တန်ဖိုးကိုလည်း မြင့်တက်စေသည်[၄၄]။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ ရည်ရွယ်ချက်ဖြစ်သော ရပ်ကွက်တိုင်းတွင် ကစားကွင်းတစ်ခု၊ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခု တည်ဆောက်ရေးပန်းတိုင်ကို ထောက်ခံဝန်းရံပါသည်။ ယင်းသဘောထားကို AD ၏ စစ်တမ်းတွင်လည်း မကြာခဏ ဖော်ပြ၊ ထောက်ခံကြသည်ကို တွေ့ရသည်။

**ရန်ကုန်မြို့ရှိ မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခု၊ ကစားကွင်းတစ်ခု တည်ဆောက်သွားမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ ရည်မှန်းချက်ကို AD မှ ထောက်ခံဝန်းရံပါသည်။**

***ပန်းခြံတွေက သိပ်ပြီး အရေးကြီးတယ်၊ ရန်ကုန်မြို့မှာ ပန်းခြံအရေအတွက်တွေ တိုးလာရင်တော့ အကောင်းဆုံးပေါ့၊ ကလေးတွေက အဲဒီမှာ ကစားရတာကို ကြိုက်ကြတယ်။***

**- အသက် ၅၄ နှစ်အရွယ်အမျိုးသား၊ စစ်တမ်းဖြေဆိုသူ**

မြို့နယ်တိုင်းတွင် ပန်းခြံတစ်ခု တည်ဆောက်သည့်အပြင် လူတစ်ဦးချင်းအသုံးချနိုင်သည့် စိမ်းလန်းဧရိယာ အကျယ်အဝန်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်အတိုင်းဖြစ်သင့်သည်ဟု AD မှ ယူဆပါသည်။ စိမ်းလန်းဧရိယာ မဟာဗျူဟာချမှတ်ပြီး ယင်းစံချိန်စံညွှန်းအတိုင်းဖြစ်အောင် ဆောင်ရွက်ပါက ထိရောက်မှုရှိမည်ဖြစ်သည်။ စိမ်းလန်းဧရိယာ မဟာဗျူဟာများ ချမှတ်ပြီး စိမ်းလန်းဧရိယာများချဲ့ထွင်နိုင်ခဲ့သည့် စည်ပင်များနှင့်၊ သို့မဟုတ် ရပ်ရွာများ၏ ဥပမာ များစွာရှိပါသည်။ မြို့တွင်းပန်းခြံနေရာ အကွက်ချခြင်းအတွက် စိမ်းလန်းဧရိယာ မဟာဗျူဟာသည် အရေးပါသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ကာလရှည်တွင် ပန်းခြံသစ်များတည်ဆောက်ခြင်း၊ လက်ရှိပန်းခြံများ အသုံးဝင်မှုကို တိုးတက်စေရန် လမ်းညွှန်ပေးမည့် ဗျူဟာလည်းဖြစ်သည်။ မဟာဗျူဟာဆိုသည်မှာ အခြေခံအားဖြင့် မြို့နေပြည်သူများ လိုအပ်ချက်နှင့် ဦးစားပေးလိုလားသည်များကို စုစည်းထားခြင်း၊ စိမ်းလန်းဧရိယာများနှင့်ဆိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ တန်ဖိုးများ၊ အရေးပါမှုများနှင့်ပတ်သက်သည့် စုပေါင်းအမြင်များကို စုစည်းထားခြင်းဖြစ်သည်။ အနာဂတ်တွင် ရန်ကုန်မြို့သည်ဒေသတွင်း ဆုံချက်ဖြစ်လာမည်ဆိုပါက ရည်မှန်းချက်များကို မြင့်မြင့်ထားရန် လိုအပ်သည်။ အနာဂတ်ရန်ကုန် အနေအထားနှင့် ပတ်သက်သည့် သဘောထားများကို အမှန်တကယ် ပုံဖော်နိုင်သည့် စိမ်းလန်းဧရိယာမဟာဗျူဟာကို ဖော်ဆောင်ထားပါက မြို့တော်၏ အနာ

ဂတ်အတွက် အကျိုးပြုမည်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် တစ်ဦးချင်းအလိုက် အသုံးချနိုင်သည့် စိမ်းလန်းဧရိယာများ ဖန်တီးခြင်းဖြင့် ရန်ကုန်နေပြည်သူများ အကျိုးဖြစ်စေရန် စိမ်းလန်းဧရိယာ မဟာဗျူဟာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရက ပြုစုရေးဆွဲ အသုံးချသင့်ပါသည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်ဖြစ်သော လူတစ်ဦးချင်း အသုံးချနိုင်သည့် အစိမ်းရောင်ဧရိယာ ၉ စတုရန်းမီတာ ရှိလာစေရန် ရန်ကုန်မြို့တွင် အများပြည်သူအသုံးပြုနိုင်သည့် ပန်းခြံများ တိုးချဲ့နိုင်ရန်အတွက် စိမ်းလန်းဧရိယာ ဗျူဟာတစ်ခု ချမှတ်သင့်သည်ဟု AD မှ တိုက်တွန်းပါသည်။**

### နမူနာဖြစ်ရပ်(၄)

### Józsefváros ခရိုင်၊ ဘူဒါပတ်စ်၊ ဟန်ဂေရီ

Józsefváros မြို့ပြစိမ်းလန်းဧရိယာ မဟာဗျူဟာကို ခရိုင်အဆင့်ပြုစုရေးဆွဲခဲ့သည်။ ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့ငယ်ကလေးမှ မဟာဗျူဟာကို စတင်ရေးဆွဲခဲ့ပြီး နိုင်ငံရေးအရ ဝန်းရံခံရကာ ပြည်သူများ၏ ထောက်ခံမှုများ ရရှိခဲ့သည်။ ရပ်ကွက်အတွင်းနေထိုင်သူများနှင့် စည်းဝေးပွဲများပြုလုပ်ခြင်း (ရပ်ကွက်ဖိုရမ်)၊ စီစဉ်ထားသည့် စိမ်းလန်းဧရိယာ ဖန်တီးမှုလုပ်ငန်းများအကြောင်း ကြိုတင်အသိပေးခြင်း၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ ပြင်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း၊ ပြည်သူများပါဝင်သည့် အခမ်းအနားများ ပြုလုပ်ခြင်းဖြင့် ပြည်သူများ၏ပါဝင်မှုကို ရရှိခဲ့သည်။ ပြည်သူများပါဝင်သည့် လှုပ်ရှားမှုများ၊ ဆောင်ရွက်ချက်များဖြင့် နိုင်ငံသားများနှင့် နိုင်ငံရေးသမားများကြားတွင် စိမ်းလန်းဧရိယာနှင့်ပတ်သက်သည့် အသိအမြင်များကို မြှင့်တင်နိုင်ခဲ့သည်။ ၎င်းသည် ဟန်ဂေရီနိုင်ငံ၏ ပထမဆုံးသော စိမ်းလန်းဧရိယာ မဟာဗျူဟာဖြစ်ပြီး၊ မြို့တော်အတွင်း စိမ်းလန်းဧရိယာများ ဖော်ထုတ်နိုင်ပုံ၊ ကျယ်ပြန့်အောင် ဆောင်ရွက်နိုင်ပုံတို့အတွက် အပြုသဘောဆောင်သည့် ဥပမာကောင်းဖြစ်ခဲ့သည်[၅၅]။

စိမ်းလန်းဧရိယာများတိုးချဲ့ခြင်းဖြင့် ခရီးသွားလုပ်ငန်း တိုးတက်လာခြင်းအပါအဝင် ၎င်းနှင့်ဆက်စပ်သည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်မဟုတ်ပါ။ ခရီးသွားများကို ဆွဲဆောင်နိုင်ရန် စိမ်းလန်းဧရိယာများသည် အရည်အသွေးကောင်းမွန်ရမည်၊ ထူးခြားရမည်၊ ဘေးကင်းရမည်ဖြစ်သည်[၅၆]။ လက်ရှိ ပန်းခြံနေရာများ တိုးချဲ့ခြင်းနှင့်အတူ မြို့ပြနေရာသစ် တိုးချဲ့တိုင်း အများပြည်သူ အသုံးပြုနိုင်သည့် စိမ်းလန်းဧရိယာများ မဖြစ်မနေထည့်သွင်းခြင်းများလည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်သည်များကို ထဲထဲဝင်ဝင် သုတေသနပြုလုပ်ခြင်းနှင့် မူဝါဒဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ခြင်းတို့ကို ၎င်းတို့၏ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးမဟာဗျူဟာတွင် ထည့်သွင်းဆောင်ရွက်ခဲ့သည်။

## စိမ်းလန်းဧရိယာများနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အကြံပြုချက်များ

- ❖ ပန်းခြံရှိ ခြံစည်းရိုးများကိုဖယ်ရှားရန် သို့မဟုတ် ဝင်ပေါက်များတည်ဆောက်ပြီး အချိန်မှန်ဖွင့်ပေးရန်
- ❖ အများပြည်သူဆိုင်ရာ ပန်းခြံနေရာတွင် စီးပွားဖြစ်လုပ်ငန်းများဆောင်ရွက်မှုကို စနစ်တကျထိန်းသိမ်းရန်၊ ပန်းခြံနေရာကို မပျက်စီးစေရန်နှင့် အများပြည်သူများအကျိုး မထိခိုက်စေရန် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်
- ❖ အများပြည်သူဆိုင်ရာပန်းခြံနေရာအတွင်း လျှောက်လမ်းနှင့် စက်ဘီးလမ်းကြောင်းများ အဆင့်မြှင့်တင်ခြင်း
- ❖ ယခင် စစ်ရုံးချုပ်နေရာကို ပန်းခြံနေရာအဖြစ် အသုံးပြုရန်၊ အပေါ်ယံလွှာမြေပြင် ခိုင်မာစေရန် စိမ်းလန်းအောင် ပြန်လည်ဆောင်ရွက်ခြင်း
- ❖ အများပြည်သူအသုံးပြုမှု မြင့်တက်လာစေရန် ပန်းခြံဝင်ကြေး ကောက်ယူမှုမပြုလုပ်ရန်
- ❖ ကာကွယ်ထိန်းသိမ်းမည့်နေရာများ သတ်မှတ်ကျင့်သုံးခြင်းဖြင့် အများပြည်သူသုံးပန်းခြံများကို အကာအကွယ်ပေးခြင်း
- ❖ အများပြည်သူဆိုင်ရာ ပန်းခြံနှင့်ပတ်သက်သည့် ဥပဒေများ ပြန်လည်သုံးသပ်ခြင်း၊ အများပြည်သူများ အသုံးချနိုင်မှု အားကောင်းလာစေရန်နှင့်၊ ယင်းနေရာများသည် အများပိုင်ဖြစ်ကြောင်းကို ထင်ရှားစေရန် ဥပဒေအတွင်း ထည့်သွင်းရေးသားထားရန်
- ❖ ပန်းခြံများကို ထိန်းသိမ်းရန်ရည်ရွယ်ချက်ဖြင့် ရန်ကုန်ရှိ အများပြည်သူဆိုင်ရာ ပန်းခြံများ၏ ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးခြင်း
- ❖ ပန်းခြံအတွင်းနေထိုင်ပြုစုသူ သို့မဟုတ် အဖွဲ့ကို ခန့်ထားခြင်း၊ ထိန်းသိမ်းစရိတ်ချပေးခြင်း

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

- ❖ အကြီးစား အဆောက်အအုံများ၏ ၂၀ ရာခိုင်နှုန်းကို ပန်းခြံနေရာအဖြစ် နေရာပေးရန် သတ်မှတ်ခြင်း
- ❖ မြစ်နား၊ရေကန်နားတွင်ပန်းခြံအသစ်များတည်ဆောက်ခြင်း
- ❖ အများပြည်သူသုံးလမ်းတစ်လျှောက် စိမ်းလန်းရန် ဆောင်ရွက်ခြင်း
- ❖ သက်တမ်းရင့်အပင်များကို ထိန်းသိမ်းခြင်းဖြင့် အများပြည်သူ အရိပ်ရကာ အကျိုးများစေခြင်း[၆၇]

ထို့အပြင် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် လူတွေ့မေးမြန်းမှုများပြုလုပ်ရာတွင် မြို့တွင်းရှိ ပိုင်ရှင်ပစ်ထားသည့် မြေနေရာများကို စိမ်းလန်းဧရိယာများ ဖန်တီးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပိုင်ရှင်များထံသို့ ချဉ်းကပ်သင့်ကြောင်း အကြံပြုထည့်သွင်းပြောဆိုခဲ့သည်။ AD ၏ စစ်တမ်းအရလည်း ဖြေဆိုသူများ၏ အကြံပြုချက်များသည် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အကြံပြုချက်များနှင့် တိုက်ဆိုင်နေသည်။ ရန်ကုန်မြို့တော် စိမ်းလန်းဧရိယာနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အကြံပြုချက်များကို AD မှ ထောက်ခံသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း ထောက်ခံဝန်းရံမှုများ ပြုလုပ်သင့်သည်ဟု ယူဆပါသည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရန်ကုန်မြို့တော် စိမ်းလန်းဧရိယာများ၊ ပန်းခြံများနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ရန်ကုန်အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း မဟာဗျူဟာတွင် ဖော်ပြထားသည့် အကြံပြုချက်များကို လုပ်ဆောင်သင့်သည်ဟု AD မှ တိုက်တွန်းလိုပါသည်။**

ပန်းခြံနှင့် စိမ်းလန်းဧရိယာများဖော်ဆောင်ခြင်း အပါအဝင် မြို့ပြနေရာစီမံခြင်းသည် အဓိက ပါဝင်ပတ်သက်သူများအကြား ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ မြို့နယ်အဆင့်တွင် ဌာနခွဲများစွာရှိနေခြင်း၊ ရှင်းလင်းသည့် တာဝန်ခန့်အပ်ခွဲဝေမှုမရှိသည့် ကော်မတီအများအပြား ရှိနေသဖြင့် အောက်ခြေအဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုသည် ရန်ကုန်စည်ပင်သာယာရေးလုပ်ငန်းအတွက် အဓိကအခက်အခဲဖြစ်လာသည်။ ထို့အပြင် မြို့နယ်အဆင့် လုပ်ငန်းစီမံကိန်းချမှတ်မှုတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းမရှိသဖြင့် ညှိနှိုင်းဆောင်ရွက်ရန် အခက်အခဲများရှိသည်[၆၈]။ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် AD မေးမြန်းမှုပြုလုပ်ရာတွင် ယင်းအခက်အခဲသည် ပြဿနာတစ်ခုဖြစ်လာနိုင်သည်ဟု အတည်ပြုခဲ့သည်။ မြူနီစီပယ်အသင်း သို့မဟုတ် အလားတူ ဆုံတွေ့စည်းဝေးနိုင်သည့်နေရာ ဖန်တီးပေးခြင်းဖြင့် မြူနီစီပယ်တစ်ခုနှင့်တစ်ခု အတွေ့အကြုံများ ဝေမျှနိုင်ကြမည်ဖြစ်ကာ ကောင်းကျိုးရလဒ်များ ပေါ်ပေါက်လာနိုင်ပါသည်[၆၉]။ ဌာနတစ်ခုနှင့်တစ်ခုအကြား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးခြင်းသည်လည်း များစွာ အထောက်အကူပြုနိုင်ပါသည်[၇၀]။

**မြို့ပြနေရာချထားခြင်းနှင့် မြို့နေလူထုလိုအပ်ချက်ကို ပို၍ ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ဌာနများနှင့် လုပ်ငန်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် AD မှ တိုက်တွန်းလိုပါသည်။**

ရန်ကုန်မြို့ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ မြို့ပြစိမ်းလန်းဧရိယာများ နေရာချခြင်းတို့တွင် အများပြည်သူများ၏ သဘောထားများကို လုံလောက်စွာ ထင်ဟပ်နိုင်ရေးတွင် လိုအပ်ချက်များ ရှိနေသေးသည်။ မြို့ပြနေရာချထားစီမံလုပ်ငန်းစဉ်တွင် ရပ်ရွာအသိုင်းအဝိုင်းများနှင့် ညှိနှိုင်းမှုများပြုလုပ်ရန်မှာ မြို့ပြစီမံသူများနှင့် အကောင်အထည်ဖော်သူများ၏ တာဝန်ဖြစ်သည်။ ပြည်သူနှင့် အစိုးရအကြား မကျေလည်မှုများ ကာကွယ်ပေးခြင်း၊ ပြည်သူလူထုနှင့်ဆိုင်သည့် အဖွဲ့အစည်းများပေါ်တွင် အများပြည်သူ၏ ယုံကြည်မှုကို တိုးတက်စေသဖြင့် မြို့ပြနေရာချစီမံခန့်ခွဲမှုပြုလုပ်ရာတွင် ပြည်သူများကိုပါဝင်စေခြင်းသည် ဒီမိုကရေစီကို အားကောင်းစေသည်[၇၁]။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူများကို ပါဝင်စေခြင်းသည် ပြည်သူတို့ကိုယ်တိုင် အနေအထားများကို သဘောပေါက်စေပြီး ယင်းကဲ့သို့ ပါဝင်ရခြင်း၏ အကျိုးများကို နားလည်လာမည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းစဉ်တစ်လျှောက်လည်း ပါဝင်သူများဖြစ်လာမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချရာတွင် ပြည်သူများကို ပါဝင်စေခြင်းဖြင့် ၎င်းတို့၏အနာဂတ်နှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ရသည့် ၎င်းတို့၏ အနေအထားကို သဘောပေါက်စေပြီး၊ ၎င်းတို့ပါဝင်မှု၏ အကျိုးများကို နားလည်စေကာ၊ လုပ်ငန်းစဉ်တွင် အပြည့်အဝပါဝင်သူများ ဖြစ်လာစေသည်။ ပြည်သူများ၏ ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်းနှင့် အစိုးရအဆင့်ဆင့်၏ တရားဝင်ဖြစ်မှုနှင့် ယုံကြည်နိုင်စွမ်းရှိမှုများ ပြန်လည်ရရှိအောင် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုဖြစ်သည်[၇၂]။ မြို့ပြစီမံခြင်းနှင့်ပတ်သက်ပြီး အသက်အရွယ်၊ ကျားမ၊ နေထိုင်ရာဒေသ၊ ပညာရေးအဆင့်အတန်းမရွေးဘဲ သဘောထားများ၊ အမြင်များ၊ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် မီဒီယာ



**မက္ကဆီကို၊ ကိုလီမာမြို့ရှိ လူထုမှပြုစုထူထောင်လိုက်သည့်ပန်းခြံ Los Huertas Del Cura (Sustainable Cities International)**

### နမူနာဖြစ်ရပ် (၅)
### လူထုအတွက် လူထုမှပြုစုတည်ထောင်လိုက်သည့်ပန်းခြံ Los Huertas Del Cura

မက္ကဆီကို၊ ကိုလီမာမြို့မှ Los Huertas Del Cura ပန်းခြံသည် စွန့်ပစ်ထားသည့် သမိုင်းဝင် ပန်းခြံတစ်ခုဖြစ်သည်။ ကိုလီမာမြို့တော် မြူနီစီပယ်နှင့် Sustainable Cities International (SCI) တို့ ပူးပေါင်းပြီး ပန်းခြံကို ပြန်လည်ပြင်ဆင်မွမ်းမံခဲ့သည်။ အောက်ခြေအဆင့်ဆင့်မှတစ်ဆင့် သမိုင်းဝင်ပန်းခြံ ပြန်လည်အသက်သွင်းရန် ရပ်ရွာဦးဆောင်မှုဖြင့်ပြုလုပ်သည့် စီမံချက်တစ်ခုအနေဖြင့် ရှုမြင်ခဲ့ကြသည်။ ပြည်သူများ ပါဝင်ဆုံးဖြတ်သည့်နည်းလမ်းကို အသုံးပြုခဲ့ပြီး၊ ရပ်ရွာဒေသခံများ အမှန်တကယ်ပါဝင်မှု၏ အရေးပါပုံကို အလေးထားဆောင်ရွက်ခဲ့သည်။ ရပ်ရွာသားများပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် Las Huertas ပန်းခြံအနီး နေထိုင်သူများဖြင့် စတင်ခဲ့သည်။ စုစုပေါင်း ရပ်ရွာသား ၄၀၀ ကျော် ပါဝင်ခဲ့သည်။ တစ်ဝက်မှာ လူငယ်နှင့် ကလေးများဖြစ်သည်။ လုပ်ငန်းစဉ်များအနေဖြင့် နေရာမြေပုံထုတ်ခြင်း၊ သဘောထားစုစည်းခြင်း၊ ရပ်ရွာစည်းဝေးပွဲများနှင့် သုံးသပ်မှုများ၊ လူထုစုရုံးပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ ပန်းခြံ၏နောက်ဆုံးအနေအထားကို ပုံဖော်ထားသည့် နံရံကပ်ပန်းချီရေးဆွဲခြင်းများ ပါဝင်သည်။ ရပ်ရွာသားများနှင့် လူငယ်များ၏ စိတ်အားထက်သန်စွာ အဆက်မပြတ်ပါဝင်မှုသည် ပုံမှန်စီမံကိန်းဆောင်ရွက်နေကျပုံစံမှ ဒေသခံများကိုယ်တိုင် ၎င်းတို့နေရာ၊ ရပ်ရွာလိုအပ်ချက်၊ အနာဂတ် မျှော်မှန်းထားမှုများကို ကျွမ်းကျင်သူအဖြစ်နေရာယူအကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်သို့ပြောင်းလဲစီမံခြင်းအတွက်အဓိကကျသည့်အကြောင်းအရာဖြစ်ခဲ့သည်[၃၆]။

များကလည်း လမ်းကြောင်းတစ်ခုအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်[၃၄]။

## ပြည်သူပါဝင်သော မြို့ပြစီမံခန့်ခွဲမှု

ပြည်သူများပါဝင်သည့် မြို့ပြစီမံမှုခန့်ခွဲမှုသည် ရပ်ကွက်တွင်းနေထိုင်သူများ တိုက်ရိုက်ပါဝင်လျက်၊ စီမံကိန်း ရေးဆွဲသူများသည် ရပ်ရွာတစ်ခုလုံး သို့မဟုတ် ရပ်ကွက်တစ်ခုလုံးကို စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပါဝင်စေသည့် လုပ်ငန်းစဉ်ဖြစ်သည်။ မြို့ခံများက ပညာရှင်များနှင့် အရာရှိများကို ၎င်းတို့မြို့နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ အသိအမြင်များ ပေးသည်။ ရပ်ရွာ၏ လိုအပ်မှုကို ဖြည့်ဆည်းပေးရန် ဖြေရှင်းပုံကို အများသဘောတူစုစည်းဖော်ထုတ်ကြသည်။ ပြည်သူများပါဝင်သည့် မြို့ပြစီမံခန့်ခွဲမှုပုံစံအမျိုးမျိုးရှိသော်လည်း ယေဘုယျအားဖြင့် အောက်ပါအချက်များ ပါဝင်လေ့ရှိသည်။ အသိအမြင်နှင့် အတွေ့အကြုံ ဖြတ်သန်းမှုများ မျှဝေခြင်း၊ မတူညီသည့်အမြင်များကို လက်ခံခြင်း၊ ထည့်သွင်းစဉ်းစားခြင်း၊ လက်တွေ့လုပ်ငန်းဖော်ဆောင်သည့်အခါတွင် အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်း၊ ပုံဖော်ခြင်းနှင့် အသေးစိတ်စဉ်းစားအသက်သွင်းခြင်း၊ ပွင့်လင်းတီထွင်ဆန်းသစ်မှုဖြင့် လေ့လာဆောင်ရွက်ခြင်း၊ ဘုံနားလည်မှုဖော်ဆောင်ခြင်း၊ ပူးတွဲအစီအစဉ်၊ ပူးပေါင်းအစီအစဉ်များ ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့်

## ပြည်သူအားလုံးအတွက် ပိုမိုစိမ်းလန်းသောမြို့အား ဖော်ဆောင်ခြင်း

မိမိကိုယ်ကို ပြန်လည်ဆန်းစစ်မှုတို့ပြုလုပ်ခြင်းများ ပါဝင်လေ့ရှိသည်[၃၃]။

Los Huertas Del Cura ကဲ့သို့သော အောင်မြင်သောဖြစ်စဉ်များကို ကြည့်ပါက ရန်ကုန်မြို့တော် မြို့ပြစီမံကိန်းရေးဆွဲမှုအားလုံးတွင် အများပြည်သူများပါဝင်မှုကို မြှင့်တင်သင့်သည်ဟု AD မှ ယုံကြည်ပါသည်။ အသက်အရွယ်၊ ကျား/မ၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း သို့မဟုတ် လူမှုရေး သတ်မှတ်ချက်မရွေး မြို့နေလူထုအားလုံး၏ သဘောထားကို ရယူသင့်သည်ဟု ယူဆပါသည်။

> **ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်တွင် စီမံကိန်းများ ရေးဆွဲသည့်အခါ အများပြည်သူပါဝင်မှုကို မဖြစ်မနေ ထည့်သွင်းလုပ်ဆောင်ရန် AD မှ တိုက်တွန်းလိုပါသည်။**

စစ်တမ်းပြုလုပ်ရာတွင် ရန်ကုန်မြို့ရှိ စိမ်းလန်းဧရိယာများ တိုးတက်ရေးအတွက် ရိုးရှင်းပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များကို စစ်တမ်းဖြေဆိုသူများထံမှ သိရှိခဲ့ရပါသည်။ ပန်းခြံများအား အဆင့်မြှင့်တင်မှုများပြုလုပ်ရန် ဖြေဆိုသူများက တောင်းဆိုခဲ့ကြသည်။ အရိပ်ရအပင်များ တိုးချဲ့စိုက်ပျိုးရန်၊ အားကစားပစ္စည်းများ ပိုမိုထားရှိရန်၊ အမှိုက်ပုံး၊ မီးတိုင်၊ ထိုင်ခုံ၊ ကလေးများအတွက် ပညာရေးဆိုင်ရာကိရိယာများ ထည့်သွင်းပေးရန်၊ ပန်းခြံအတွင်း အိမ်သာအသုံးပြုခ ကောက်ခံခြင်းကဲ့သို့ သောကိစ္စရပ်များ ဖယ်ရှားရန်တို့ကို အကြံပြုခဲ့ကြသည်။ ၎င်းအကြံပြုချက်များသည် အပြုသဘောဆောင်သည်ဟု AD မှ ယုံကြည်ပါသည်။

> **ပန်းခြံအသုံးပြုသူများ လိုလားချက်များနှင့် ကိုက်ညီနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အရိပ်ရအပင်များ၊ အမိုးအကာများ၊ အားကစားပြုလုပ်နိုင်သည့် နေရာများ၊ ပစ္စည်းများ၊ အမှိုက်ပုံးများ၊ မီးတိုင်နှင့် ထိုင်ခုံများ၊ ကလေးငယ်များအတွက် ပညာရေးဆိုင်ရာပစ္စည်းများ ထည့်သွင်းပေးရန်၊ အိမ်သာအသုံးပြုခ ကောက်ခံခြင်းကဲ့သို့သော အခငွေကောက်ယူခြင်းကို ဖယ်ရှားပေးရန် AD မှ တိုက်တွန်းလိုပါသည်။**



မဟာဗန္ဓုလပန်းခြံ (shwemyanmar.info)

### နမူနာဖြစ်ရပ် (၆)
### မဟာဗန္ဓုလပန်းခြံရှိ ဓာတ်ပုံပြပွဲ

၂၀၁၇ ခုနှစ် မတ်လ၊ မဟာဗန္ဓုလပန်းခြံတွင် ရန်ကုန်ဓာတ်ပုံပြပွဲကို ပြုလုပ်ခဲ့သည်။ အရှေ့တောင်အာရှတွင် အရေးအပါဆုံးသော ဓာတ်ပုံပြပွဲများအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ပရိတ်သတ်ပေါင်း ၁ သန်းကျော် လာရောက်ခံစားခဲ့သည်။ ပြည်တွင်းပြည်ပ ဓာတ်ပုံဆရာ ၈၀ ကျော်၏ ဓာတ်ပုံများကိုပြသခဲ့သည်[၃၆]။

ရေဖြန်းခြင်း၊ အမှိုက်ကောက်ခြင်းကဲ့သို့သော ပုံမှန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန်လည်း စစ်တမ်းဖြေဆိုသူအချို့က အကြံပြုခဲ့သည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေဖြန်းခြင်းနှင့် အမှိုက်ကောက်ခြင်း အပါအဝင် ပုံမှန် ပန်းခြံပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်ရန် AD မှ အကြံပြုပါသည်။**

ပန်းခြံအသုံးပြုသူနှင့် လာရောက်လည်ပတ်သူ ခရီးသွားများ တိုးတက်လာစေရန် ရန်ကုန်မြို့တော်ရှိ ပန်းခြံများတွင် ပညာရေးဆိုင်ရာ၊ စာပေဆိုင်ရာ၊ ဟောပြောပွဲများနှင့် အခမ်းအနားများကို ပြုလုပ်သင့်သည်ဟု ဖြေဆိုသူများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ နိုင်ငံတကာမှ နာမည်ကြီးပန်းခြံများကို ဥပမာယူပြီး ရန်ကုန်တွင် စိမ်းလန်းဧရိယာများ ပြုလုပ်သင့်သည်ဟု အကြံပြုကြသည်။ အနုပညာ၊ အထိမ်းအမှတ်နှင့် အခြားသော အလှဆင်မှုများနှင့် ဆွဲဆောင်မှုများ တည်ဆောက်သင့်သည်ဟု အကြံပြုကြသည်။ ယခုစာတမ်းအရှေ့ပိုင်းတွင် အသေးစိတ်ဖော်ပြခဲ့သည့် စင်ကာပူမှ Gardens by the Bay ဥယျာဉ်သည် စိမ်းလန်းဧရိယာများကြောင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာရသည့် ဥပမာကောင်း ဖြစ်သည်။

**ပန်းခြံလာရောက်သူများနှင့် ခရီးသွားလုပ်ငန်းများကို ဆွဲဆောင်နိုင်ရန် ပန်းခြံများတွင် ပညာရေးဆိုင်ရာ၊ စာပေဆိုင်ရာ၊ ဟောပြောပွဲများနှင့် အခမ်းအနားများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တိုးမြှင့် ဆောင်ရွက်သင့်သည်ဟု AD မှ အကြံပြုလိုပါသည်။**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် နိုင်ငံတကာမှ အောင်မြင်နေသည့် ဥပမာများယူပြီး ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ပန်းခြံများ တည်ဆောက်သင့်သည်ဟု AD မှ အကြံပြုလိုပါသည်။**

***ပန်းခြံကို မသန်စွမ်းပုဂ္ဂိုလ်တွေလည်း လာနိုင်အောင် လုပ်စေချင်ပါတယ်။ ပန်းခြံဆောက်တဲ့အခါမှာ မသန်စွမ်းတွေရဲ့ အမြင်ကိုလည်း ထည့်သွင်းချင်ပါတယ်၊ ပန်းခြံတွေမှာ အမှိုက်ပုံးတွေလည်း များများ ထားစေလိုပါတယ်၊ ပြီးတော့ စည်းကမ်းတွေ၊ သတိမှတ်ချက်တွေကိုလည်း ချစေချင်ပါတယ်။***

**- ၂၇ နှစ်အရွယ် အမျိုးသမီး၊ စစ်တမ်းဖြေဆိုသူ**

လူပုဂ္ဂိုလ်မရွေး မသန်စွမ်းသူများ[၆] အပါအဝင် ပန်းခြံတွင်လာရောက် အပန်းဖြေနိုင်ရန် ဆောင်ရွက်သင့်သည်ဟု တိုက်တွန်းသည့် ဖြေဆိုသူများလည်းရှိသည်။ ပန်းခြံအတွင်း လုံခြုံရေးအတွက် ပန်းခြံဝန်ထမ်း တိုးမြှင့်ခန့်ထားပေးရန် အကြံပြုကြသည်။ ပန်းခြံများတွင် မည်သူမဆို လာရောက်အပန်းဖြေနိုင်သင့်ပြီး လာရောက်လည်ပတ်သည့် အခါတွင်လည်း လုံခြုံသည့်ခံစားချက်ရရှိသင့်သည်ဟု AD မှ ယုံကြည်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ရှိ ပန်းခြံများအားလုံးကို လူပုဂ္ဂိုလ်မရွေး၊ မသန်စွမ်းသူများ အပါအဝင် အသုံးပြုနိုင်ရန်အတွက် မပျက်မကွက်စီစဉ်သင့်သည်ဟု AD မှအကြံပြုလိုပါသည်။ ရန်ကုန်မြို့တော် စည်ပင်အနေဖြင့် ပန်းခြံအတွင်း လုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခြင်းဖြင့် လာရောက်သူများ၏ လုံခြုံရေး အားကောင်းလာစေရန် ဆောင်ရွက်သင့်သည်ဟု AD မှ အကြံပြုပါသည်။

စစ်တမ်းဖြေဆိုသူများ၏ အကြံပြုချက်များတွင် - ကွမ်းသွေးထွေးရန် နေရာသတ်မှတ်ခြင်း၊ လမ်းပျော် ကလေးငယ်များအတွက်ထည့်သွင်းစဉ်းစားခြင်း၊ ပန်းခြံအတွင်း လာရောက်သူများ၏ အပြုအမူနှင့်ဆိုင်သော စည်းကမ်းထိန်းသိမ်းမှု၊ စည်းမျဉ်းများ တင်းကြပ်ခြင်း၊ ကျန်းမာရေးဆေးပေးခန်း၊ လိုအပ်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့နှင့်ဆိုင်ပြီး အကြံပြုခဲ့ကြသည်။ ယင်းအကြံပြုချက်များသည် ရန်ကုန်မြို့တော် ရင်ဆိုင်နေရသည့် ရှုပ်ထွေးကြီးမားသည့် မူဝါဒပိုင်းဆိုင်ရာ ပြဿနာများ၏ သေးငယ်သော အစိတ်အပိုင်းများဖြစ်ပြီး AD ၏ ဤစီမံကိန်းသုတေသန လက်လှမ်းမမီသောကိစ္စများ ဖြစ်နေသည်။ ယင်းပြဿနာများကို ထဲထဲဝင်ဝင် ဖော်ထုတ်သည်ဆိုပါက ရန်ကုန်မြို့တော်စည်ပင် သို့မဟုတ် အခြားအဖွဲ့အစည်းများအတွက် အကျိုးရှိမည်ဖြစ်သည်။

၆ ခန္ဓာကိုယ်ပိုင်း၊ အမြင်၊ အကြား၊ ဉာဏ်ရည်၊ သို့မဟုတ် သင်ကြားမှုပိုင်း အားနည်းချက်ကြောင့် လူမှုအသိုင်းအဝိုင်းတွင် ပါဝင်နိုင်ရန် နေ့စဉ်လုပ်ငန်းမှုများနှင့်၊ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများတွင် အကန့်အသတ်ရှိသည့် ပုဂ္ဂိုလ်။ (Myanmar National Disability Survey, 2010)

# အခန်း(၆)

# အရေးယူဆောင်ရွက်ရန် တိုက်တွန်းချက်များ

နိုင်ငံသားများနေထိုင်မှု အဆင်ပြေစေရန်၊ ပြည်သူများ သဘောဆန္ဒနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုများရှိလာရန် ရန်ကုန်မြို့တော်ရှိ မြို့ပြစိမ်းလန်းဧရိယာများ ကျယ်ပြန့်လာစေရန် AD တွင် မျှော်မှန်းထားချက်များ ရှိပါသည်။ ယခုစာတမ်းသည် ယင်းမျှော်မှန်းထားသည့် ရည်ရွယ်ချက်များ အကောင်အထည်ဖော်မှု အစိတ်အပိုင်းဖြစ်ပြီး၊ ရန်ကုန်မြို့အတွက် အရေးပါသည့် ယခုကိစ္စနှင့်ပတ်သက်ပြီး နောင်အနာဂတ်တွင်ပြုလုပ်မည့် AD ၏ မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်းမှုများအတွက် အသုံးပြုသွားမည်ဖြစ်သည်။ ပြည်သူများ၊ ရပ်ရွာအတွင်းမှ အစုအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စိမ်းလန်းဧရိယာပြဿနာ ဖြေရှင်းခြင်းနှင့် တိုးတက်မှုများ ဖော်ဆောင်ရာတွင် ယခုစာတမ်းသည် အကြံဉာဏ်များပေးနိုင်မည်ဟု ယူဆပါသည်။

အထက်မှအောက်သို့ အမိန့်ဆန်ဆန် ဆောင်ရွက်ခြင်းနှင့် ပြည်သူများ အမှန်တကယ်ပါဝင်ခြင်းမရှိသည့် မြို့ပြစီမံကိန်းများသည် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုမရှိကြောင်း ယခုစာတမ်းပြုစုစဉ်တွင် တွေ့ရှိခဲ့ရပါသည်။ ရန်ကုန်မြို့တော်အတွင်းရှိ စိမ်းလန်းဧရိယာများမှာ လျစ်လျူရှုထားခံရခြင်းနှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် လျော့နည်းလာရသည်။ မြို့ပြစီမံကိန်းလုပ်ငန်းစဉ်တွင် စိမ်းလန်းဧရိယာများနှင့် ပတ်သက်ပြီး သင့်လျော်သော အလေးပေးခြင်းမရှိပါက မြို့ပြပြဿနာများမှာ ပို၍ဆိုးရွားလာနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့နေပြည်သူများအနေဖြင့် ယင်းဒဏ်ကို ခံရမည်ဖြစ်သည်။

အများပြည်သူအားလုံးနှင့်ဆိုင်သည့် ကိစ္စဖြစ်သော စိမ်းလန်းဧရိယာဆိုင်ရာ ပြဿနာကို ဦးစားပေးဖြေရှင်းရမည့် ကိစ္စအဖြစ် အသိအမှတ်ပြု နားလည်ထားရမည်ဖြစ်သည်။ အစိုးရဌာနများ၊ ပြည်သူများနှင့် ဆုံးဖြတ်ချက်ချသူများအကြား ပူးပေါင်းညှိနှိုင်းသည့်နည်းလမ်းကို အသုံးပြုပြီး ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက် ဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ ပြည်သူများအနေဖြင့် ၎င်းတို့၏လိုလားချက်များကို ထုတ်ဖော်ပြီး လုပ်ငန်းစဉ်တွင်ပါဝင်စေရန် တိုက်တွန်းအားပေးခြင်းဖြင့် ပြည်သူများ ပါဝင်သည့် မြို့ပြစီမံခန့်ခွဲမှု အလေ့အထများ ထွန်းကားကျယ်ပြန့်လာမည်ဟု မျှော်လင့်ထားပါသည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက်သာမက မြို့တော်၏ အနာဂတ်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများအတွက်လည်း စိမ်းလန်းဧရိယာများသည် အလွန်အရေးပါသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်း ဆောင်ရွက်နေသည်ဖြစ်ရာ စိမ်းလန်းဧရိယာများသည် ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရန်အတွက် အထောက်အကူဖြစ်စေနိုင်သည်။ လူတန်းစားပေါင်းစုံပါဝင်ရေး၊ ယဉ်ကျေးမှုစုံလင် ဖွံ့ဖြိုးအားကောင်းရေးအတွက်လည်း အသုံးပြုနိုင်သည်။

ယခုကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ယခုစာတမ်းပါ တိုက်တွန်းအကြံပြုချက်များကို အကောင်အထည်ဖော်ပေးရန်၊ စိမ်းလန်းဧရိယာပြဿနာကို အရေးပါသည့် ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ပေးကာ ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့၏အနာဂတ်သည် ရန်ကုန်မြို့နေပြည်သူများ၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များနှင့် ထပ်တူကျနေမည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


1 *Global Public Space Toolkit: From Global Principles to Local Policies and Practice* (pp. 1-150, Rep.). (2015). Nairobi: UN-Habitat. Retrieved January 21, 2019, from https://unhabitat.org/books/global-public-space-toolkit-from-global-principles-to-local-policies-and-practice/.

2 Mensah, C. A., Andres, L., Perera, U., & Roji, A. (2016). Enhancing quality of life through the lens of green spaces: A systematic review approach. *International Journal of Well-being,* 6(1), 142-163. doi:10.5502/ijw.v6i1.445

3 Ibid

4 Green Vienna. (n.d.). Retrieved January 21, 2019, from https://www.wien.info/en/sightseeing/green-vienna

5 The World Bank. (2018).
Retrieved January 21, 2019, from https://www.worldbank.org/en/topic/urbandevelopment/overview

6 Ritchie, H., & Roser, M. (2019). Urbanization. Retrieved January 21, 2019, from https://ourworldindata.org/urbanization

7 M., Verduras. (2017, May). Analysis and comparison of green spaces in Stockholm and Madrid. Retrieved January 21, 2019, from http://www.diva-portal.se/smash/get/diva2:1104916/FULLTEXT01.pdf

8 Ibid

9 Lachowycz, K., & Jones, A. P. (2011, May). Green space and obesity: A systematic review of the evidence. Retrieved January 21, 2019, from https://www.ncbi.nlm.nih.gov/pubmed/21348919

10 Braubach, M., Egorov, A., Mudu, P., Wolf, T., Thompson, C. W., & Martuzzi, M. (2017). Effects of Urban Green Space on Environmental Health, Equity and Resilience. *Theory and Practice of Urban Sustainability Transitions Nature-Based Solutions to Climate Change Adaptation in Urban Areas,* 187-205. doi:10.1007/978-3-319-56091-5_11

11 Gascon, M., Triguero-Mas, M., Martínez, D., Dadvand, P., Rojas-Rueda, D., Plasència, A., & Nieuwenhuijsen, M. J. (2016). Residential green spaces and mortality: A systematic review. *Environment International,* 86, 60-67. doi:10.1016/j.envint.2015.10.013

12 Ibid

13 Dzhambov, A. M., Dimitrova, D. D., & Dimitrakova, E. D. (2014). Association between residential greenness and birth weight: Systematic review and meta-analysis. *Urban Forestry & Urban Greening,* 13(4), 621-629. doi:10.1016/j.ufug.2014.09.004

14 WHO. (2016). *Urban Green Spaces and Health* (Rep.). Copenhagen: WHO regional office for Europe.
Retrieved January 22, 2019, from ww.euro.who.int/__data/assets/pdf_file/0005/321971/Urban-green-spaces-and-health-review-evidence.pdf?ua=1

15 Rakhshandehroo, Mehdi & Mohd Yusof, Mohd Johari & Mohd tahir, Osman & Mohd YUNOS, Mohd Yazid. (2015). The Social Benefits of Urban Open Green Spaces: A Literature Review. Management Research and Practice. 7. 60-71.

16 H., Woolley, & S., Rose. (2004). *The Value of Public Space* (Rep.). London: Cabe Space. Retrieved January 22, 2019, from https://www.designcouncil.org.uk/sites/default/files/asset/document/the-value-of-public-space1.pdf

17 *Environmental Fact Sheet: The Environmental Benefits of Green Spaces* [Brochure]. (n.d.). Retrieved January 22, 2019, from https://projectevergreen.org/wp-content/uploads/2013/07/EnvironmentalBenefitsofGreenSpace.pdf

18 L., Shoup, & R., Ewing. (2010). *The Economic Benefits of Open Space, Recreation Facilities and Walkable Community Design* (Rep.). New Jersey: Princeton. Retrieved January 22, 2019, from
https://activelivingresearch.org/sites/activelivingresearch.org/files/Synthesis_Shoup-Ewing_March2010_0.pdf

19 V., Saraev. (2012). *Economic benefits of green space: A critical assessment of evidence of net economic benefits* (Rep.). Edinburgh: Forestry Commission. Retrieved January 21, 2019, from https://www.forestry.gov.uk/pdf/FCRP021.pdf/$FILE/FCRP021.pdf

20 Singapore's grand and glorious city gardens – Pioner. (2018, February 07).
Retrieved January 22, 2019, from http://pioner.dk/gardens-by-the-bay/

21 Ibid

22 YCDC. (2016). *Comprehensive Development of Yangon; Basic Data and Recommendations* (Rep.). Yangon: YCDC

23 Baharash Architecture. (2018, May 30). Liveable cities: How much green space does your city have? Retrieved January 22, 2019, from https://www.baharash.com/liveable-cities-how-much-green-space-does-your-city-have/

24 Asian Green City Index (2011). Munich: Siemens AG. Retrieved January 22 from http://sg.siemens.com/city_of_the_future/_docs/Asian-Green-City-Index.pdf

25 YCDC. (2016). *Comprehensive Development of Yangon; Basic Data and Recommendations* (Rep.). Yangon: YCDC

26 Ibid

27 Ibid

28 Vulnerability in Myanmar (2018). Retrieved January 22, 2019, from http://themimu.info/vulnerability-in-myanmar

29 *The State of Local Governance: Trend in Yangon* (Rep.). (2015). Yangon: UNDP Myanmar. Retrieved January 22, 2019, from https://themimu.info/sites/themimu.info/files/documents/Report_Local_Governance_Mapping_Yangon_UNDP_Feb2015.pdf

30 San, M.M.P. (2018, June 29). Yangon Chief Minister Makes New Municipal Law Official. Retrieved January 22, 2019, from https://www.irrawaddy.com/news/burma/yangon-chief-minister-makes-new-municipal-law-official.html

31 Myanmar, Yangon City Development Committee. (2018). *Yangon City Development Committee Law.* Retrieved January 22, 2019, from https://www.ycdc.gov.mm/download.php?customizedpdf=Myanmar YCDC Law (2018)

32 Myanmar, Yangon City Development Committee. (n.d.). *Playgrounds, Parks and Gardens Department.* Retrieved January 22, 2019, from https://www.ycdc.gov.mm/content.php?page=ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန

33 *A Strategic Urban Development Plan of Greater Yangon* (Rep.). (2013). Yangon: JICA. Retrieved January 22, 2019, from http://open_jicareport.jica.go.jp/pdf/12122511.pdf

34 Khaing, H. (2017). Yangon parkland: Going, going, gone.
Retrieved January 22, 2019, from https://frontiermyanmar.net/en/yangon-parkland-going-going-gone

35 Khant, A. (2017, May 30). Yangon Mayor Says Controversial Inya Lake Development Could Face Wrecking Ball. Retrieved January 22, 2019, from https://www.mmbiztoday.com/articles/yangon-mayor-says-controversial-inya-lake-development-could-face-wrecking-ball

36 Mon, Y., & Aye, M. N. (2016, October 11). YCDC threaten to take action against Mya Kyun Thar developers. Retrieved January 22, 2019, from https://www.mmtimes.com/business/property-news/23010-ycdc-threaten-to-take-action-against-developers-at-mya-kyun-thar-gardens.html

37 Myanmar, Yangon Office of the Auditor General. (2018). *2018 Yangon Auditor General's report.* Yangon. Retrieved January 22, 2019, from https://www.facebook.com/ygnhluttaw/posts/2189289751396825.

38 Moe, K. (2017, June 1). Rental rate of parks in Yangon quite low. Retrieved January 22, 2019, from http://www.globalnewlightofmyanmar.com/rental-rate-of-parks-in-yangon-quite-low/
Myint, M. (2017, April 10). Yangon Govt's Rock Bottom Rent Rates Lose Billions to Companies. Retrieved January 22, 2019, from https://www.irrawaddy.com/news/burma/rangoon-govts-rock-bottom-rent-rates-lose-billions-companies.html
Aye, M. N. (2017, May 30). Yangon Regional government losing in park lands rental. Retrieved January 22, 2019, from https://www.mmtimes.com/business/property-news/26186-yangon-regional-government-losing-in-park-lands-rental.html

39 Slow, O. (2018, December 24). Green spaces under threat. Retrieved January 22, 2019, from https://frontiermyanmar.net/en/features/green-spaces-under-threat

40 Ko, T. K. (2018, August 22). Myanmar, Japan to build Aung San National Green Park in Yangon. Retrieved January 22, 2019, from https://www.mmtimes.com/news/myanmar-japan-build-aung-san-national-green-park-yangon.html
Lwin, M. (2018, August 21). Aung San National Green Park, condo and sports ground project to be implemented in Kyaikkasan

sports ground. Retrieved January 22, 2019, from http://annx.asianews.network/content/aung-san-national-green-park-condo-and-sports-ground-project-be-implemented-kyaikkasan

41 Doh Eain. (n.d.). Retrieved January 22, 2019, from http://www.doheain.com/

42 *Yangon Heritage Strategy* (Vol. 1, Rep.). (2016). Retrieved January 22, 2019, from http://www.yhtliveableyangon.org/en/home/

43 *A Strategic Urban Development Plan of Greater Yangon* (Rep.). (2013). Yangon: JICA. Retrieved January 22, 2019, from http://open_jicareport.jica.go.jp/pdf/12122511.pdf

44 V., Saraev. (2012). *Economic benefits of green space: A critical assessment of evidence of net economic benefits* (Rep.). Edinburgh: Forestry Commission.
Retrieved January 21, 2019, from https://www.forestry.gov.uk/pdf/FCRP021.pdf/$FILE/FCRP021.pdf

45 Ibid

46 Ibid

47 *Yangon Heritage Strategy* (Vol. 1, Rep.). (2016). Retrieved January 22, 2019, from http://www.yhtliveableyangon.org/en/home/

48 Mathhew Arnold, Ye Thu Aung, Susanne Kempel, and Kyi Pyar Chit Saw. (2015, July). Municipal Governance in Myanmar: An overview of Development Affairs Organizations. Yangon: MDRI-CESD and The Asia Foundation.
Roberts. J. (2018, June). Urban Safety and Security in Myanmar. Yangon: The Asia Foundation.

49 Ibid

50 *The State of Local Governance: Trend in Yangon* (Rep.). (2015). Yangon: UNDP Myanmar. Retrieved January 22, 2019, from https://themimu.info/sites/themimu.info/files/documents/Report_Local_Governance_Mapping_Yangon_UNDP_Feb2015.pdf

51 Organization for Security and Cooperation in Europe – OSCE. (2010). Transparency and Public Participation in Law Making Process: Comparative Overview and Assessment of the Situation in Macedonia. Skopje, Macedonia: OSEC MCIC and ECNL

52 Public Participation and why to encourage public participation. (2017, December 31). Retrieved January 22, 2019, from https://planningtank.com/planning-theory/public-participation-encourage-public-participation

53 *Civic Engagement in Burma: Trends, Barriers and the Role for media* (Rep.). (2014). BBC. Retrieved January 22, 2019, from http://dataportal.bbcmediaaction.org/site/assets/uploads/2016/07/Citizen-Engagement-in-Burma-Trends-Barriers-and-The-Role-for-Media.pdf

54 Oliviersp. (n.d.). Los Huertas del Cura - A Community Park Designed By and For the People. Retrieved January 22, 2019, from http://sustainablecities.net/projects/vetustas-tamen-suo-l

55 Participatory Urban Planning. (n.d.). Retrieved February 14, 2019, from https://participedia.net/en/methods/participatory-urban-planning

56 Best of April - The Yangon Photography Festival spreads its wings. (n.d.). Retrieved February 14, 2019, from https://loeildelaphotographie.com/en/le-festival-de-yangon-deploie-ses-ailes-en-toute-liberte

လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်များအတွင်း ရန်ကုန်မြို့ရှိ နေထိုင်သူတိုင်းအတွက် စိမ်းလန်းဧရိယာအကျယ်အဝန်း ၃၀.၅ စတုရန်းပေကျော်ရှိခဲ့သော်လည်း ယနေ့တွင် ၄.၄ စတုရန်းပေခန့်အထိ လျော့ကျလာပြီဖြစ်သည်။ နိုင်ငံ့စီးပွားရေး တိုးတက်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ ပန်းခြံများအတွင်း ကွန်ကရစ်များ လျင်မြန်စွာနေရာယူလာခြင်းကို အရေးယူကိုင်တွယ်မှုမရှိပါက ပိုမိုဆိုးရွားလာမည်သာဖြစ်သည်။ဤအချင်းအရာကို လျစ်လျူရှုထားခြင်းက ရေရှည်အကျိုးကို ယုတ်လျော့စေမည်ဖြစ်ပြီး ကျွန်ုပ်တို့မြို့နေလူထု၏ ဘဝသာယာမှုကိုလည်း လျော့နည်းစေမည်ဖြစ်သည်။

အေဒီမှ စိမ်းလန်းဧရိယာများနှင့်ပတ်သက်သော စိန်ခေါ်မှုများကို နားလည်နိုင်ရန်နှင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများအတွက် ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန် ဤစာတမ်းကိုရေးသားခဲ့ရခြင်း ဖြစ်သည်။

**Another Development Policy Think-Tank**

62, 5th Floor, Nyaung Tone Street, Sanchaung Township, Yangon
Tel.: (+95) 09 264 883 421
E-mail: anotherdevelopment.office@gmail.com
website - www.anotherdevelopment.org